# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၄၂)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံလွင်တံတား (ချောင်းဆုံ) ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(ချောင်းဆုံ) ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၁

**သံလွင်တံတား (ချောင်းဆုံ) ဆိုင်းဘုတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✳

**❑ ယခု အမည်ပြန်လည်ပြောင်းလဲသည့် တံတားတည်ဆောက်နိုင်ရေးသာမကဘဲ ချောင်းဆုံမြို့နယ်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက်ကိုလည်း ဟန်ချက်ညီ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်**

## အချပ်ပို ၁၆ မျက်နှာ ပါရှိ

**၂-၆-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

**မန္တလေးတိုင်းဒေသကြီး (ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၁၆ မျက်နှာ ဖော်ပြပါရှိပါသည်။**

အကြွမ်းဖက်သံသရာ မရှည်ကြာအောင် . . . . ဆောင်းပါး စာ ၂၀

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာသည့်အတွက် မလေးရှားနိုင်ငံတွင် တစ်နိုင်ငံလုံးအဆင့် ကန့်သတ်ပိတ်ဆို့မှုများ ချမှတ် နိုင်ငံတကာသတင်း စာ ၁၃



မြန်မာ့အလင်း

# ပညာခရီးလမ်း ဖြောင့်တန်းစေလို

ဇွန် (၁) ရက်နေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သည်။ အဖြူနှင့်အစိမ်း ကျောင်းဝတ်စုံ ကလေးများဝတ်ဆင်၍ စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ ကျောင်းတက်လာကြသည့် ကလေးငယ်များ၏ ပုံရိပ်များမှာ အပြစ်ကင်းစင် ချစ်ခင်ဖွယ်အတိ ဖြစ်သည်။ ပြီးခဲ့သည့် စာသင်နှစ်တွင် အသက်ငါးနှစ်ပြည့်သော်လည်း ကျောင်းမတက်ခဲ့ရသည့် ကလေးများ၊ ယခုနှစ်တွင်မှစတင်၍ ကျောင်းတက်ရသည့် ကလေးများ၊ ကိုဗစ်– ၁၉ ကြောင့် စာသင်နှစ်တစ်နှစ် ဆုံးရှုံးခဲ့ရသည့် ကလေးများ စသည့်ကျောင်းသူ ကျောင်းသားကလေးများအားလုံး ပထမဆုံး ကျောင်းတက်ရက်တွင် ရွှင်လန်းတက်ကြွနေကြသည်။

ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးသော ကဏ္ဍဖြစ်သည်။ ပညာရေးစနစ်ကောင်းမွန်ခိုင်ခံ့အောင် ပြုပြင်ခြင်း၊ မြှင့်တင်ခြင်းတို့သည် နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်နေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေခံပညာကဏ္ဍကို ပြုပြင်ပြောင်းလဲလျက်ရှိရာတွင် KG+12 ပညာရေးစနစ် ပြောင်းလဲခြင်း၊ ကျောင်းထွက်နှုန်း မြင့်မားနေရသည့်ပြဿနာ၏ အခြေခံအကြောင်းရင်းများကို ဖြေရှင်းခြင်း၊ အလွတ်ကျက်မှတ်ရသည့်စနစ်မှ စဉ်းစားတွေးခေါ်မှုကို အခြေခံသည့် ပညာရေးစနစ်သို့ ပြောင်းလဲခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ အရည်အသွေးမြှင့်တင်ခြင်း၊ ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုအရည်အသွေးများ မြှင့်တင်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်နေရသည့် အချိန်လည်းဖြစ်သည်။ အခြေခံပညာသည် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား ပညာအခြေခံကောင်းများ ပေးလိုက်နိုင်ရမည်ဖြစ်သည်။ မိဘ၊ ဆရာ၊ ကျောင်းသားတို့ သုံးဦး သုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှုတို့ ကောင်းမွန်သည်နှင့်အမျှ ပညာရေးခရီးလမ်း ကောင်းမွန်ဖြောင့်တန်းမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံတွင် အခြေခံပညာအဆင့်၌ ကျောင်းထွက်နှုန်း မြင့်မားနေရခြင်းနှင့်စပ်လျဉ်း၍ စစ်တမ်းကောက်ယူခြင်း၊ သုတေသနပြု လေ့လာဆန်းစစ်ခြင်းတို့ မည်မျှပြုလုပ်ပြီးပြီကို မသိရသော်လည်း ဆင်းရဲနွမ်းပါးမှုက အဓိကအကျဆုံးအကြောင်းရင်း ဖြစ်မည်ဟု ယူဆမိသည်။ မိသားစုဝင်ငွေအတွက် အလုပ်ထွက်လုပ်ရခြင်း၊ မိဘတို့၏ လုပ်ငန်းခွင်၌ ပါဝင်အလုပ်လုပ်ရခြင်း စသည်ဖြင့် ပညာသင်ကြားရမည့်အရွယ်တွင် မိသားစုဝင်ငွေ ရှာဖွေရေး လုပ်ကိုင်ကြရသည့်အတွက် ကျောင်းထွက်ကြရခြင်း ဖြစ်သည်။ အခမဲ့ပညာရေးဖြစ်စေကာမူ မိဘများက ကလေးကို ကျောင်းသို့မလွှတ်တော့ဘဲ ကလေး၏လုပ်အားကို မိသားစု စားဝတ်နေရေးအတွက် အသုံးပြုကြခြင်းနှင့် ရေရှည်တွင် ကလေးက စာသင်ရန် စိတ်မဝင်စားတော့ခြင်းတို့က ကျောင်းထွက်နှုန်းကို မြင့်မားစေခြင်းဖြစ်သည်။ ယင်းသို့သော ကလေးများကို သက်မွေးဝမ်းကျောင်းပညာများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာများကို သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် လေလွင့်ပြုန်းတီးမည့်အရေးကို ကာကွယ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးမှာ နိမ့်ကျနေခဲ့သည့်အခြေအနေမှ ဒေသတွင်းအဆင့်အတန်းဆီသို့ ပြန်လည်ရောက်ရှိရန်ပြုဖွယ်အရေးကိစ္စတို့ မြောက်မြားစွာ၊ စိန်ခေါ်မှုတို့ မြောက်မြားစွာ ရှိနေသည်။ အကြီးမားဆုံးသော ခြိမ်းခြောက်မှုများမှာ ယမန်နှစ်က ကိုဗစ်–၁၉ ကပ်ရောဂါ၊ ယခုနှစ်တွင်မူ နောက်တစ်ခုတိုးကာ အကြမ်းဖက်မှုကပါ ခြိမ်းခြောက်လာသည်။ နိုင်ငံရေး ရည်မှန်းချက်အတွက် မူလတန်းအရွယ် ကလေးငယ်တို့ကို ပြဿနာရှာသည့် အာဖရိကနိုင်ငံတစ်နိုင်ငံမှ သူပုန်အဖွဲ့ကို ကမ္ဘာက မည်ကဲ့သို့ ရှုမြင်ခဲ့ကြသည်ကို ပြန်လည်လေ့လာကြည့်ဖို့ လိုသည်။ ယင်းလုပ်ရပ်အတွက် မည်သည့်ဆင်ခြေမျိုးမှ မရှိနိုင်။ အရွယ်မရောက်သေးသော ကလေးငယ်များ ပညာသင်ကြားရာ အရပ်သည် နိုင်ငံရေး၊ စစ်ရေးတို့နှင့် မသက်ဆိုင်သော သီးခြားကင်းလွတ်ရာသာ ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပမည်

နေပြည်တော် ဇွန် ၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၃)ကြိမ်မြောက် တိပိဋကဓရ၊တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ဇွန် ၂၆ ရက်၊ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ အပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော ဒီဃနိကာယကောဝိဒ ၃ ပါး၊ ဝိနယကောဝိဒ ၃ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၅ ပါး၊ စာအောင်သံဃာ ၁၁ ပါး စုစုပေါင်းသံဃာတော် ၄၄ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ ဝ၉–၈၈ဝ၅၆ဝ၇၉ဝ၊ ဝ၁–၆၆၄၅၇၈သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၁၀)ခုတို့ရှိ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး(၁၉၅)နေရာအတွက် ရေးဖြေစာမေးပွဲများ ကျင်းပမည်

နေပြည်တော် ဇွန် ၁

၂၀၂၀ ပြည့်နှစ်အတွင်း ကြော်ငြာခေါ်ယူခဲ့ပြီး ကိုဗစ်–၁၉ ကူးစက်မြန်ရောဂါ အခြေအနေအရ စာမေးပွဲကျင်းပရန် ဆိုင်းငံ့ထားခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်၊ ၃/၂၀၂၀ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၁၀)ခုမှ လစ်လပ်ရာထူး(၁၉၅) နေရာအတွက် ရေးဖြေစာမေးပွဲကို ဇွန် ၂၆ ရက် (စနေနေ့)တွင် မြန်မာစာဘာသာရပ်ကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်ကို မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ လည်းကောင်း၊ ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့)တွင် သုတရေးရာဘာသာရပ်ကို နံနက် ၉ နာရီမှ ၁၁နာရီအထိ လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင် စာစစ်ဌာန(၅)ခု၌ သတ်မှတ်နေ့ရက်၊ အချိန်များတွင် တစ်ပြိုင်တည်း ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ဖြေဆိုသူများအတွက် စာမေးပွဲခုံအမှတ်စာရင်း၊ စာစစ်ဌာန၊ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေ့ရက်နှင့်နေရာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website, Myanmar National Web Portal ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့များရှိ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံးများတွင် ဇွန် ၃ ရက်မှစ၍ အသိပေးကြေညာမည်ဖြစ်ပြီး ဖြေဆိုသူများအနေဖြင့် မိမိတို့၏ ခုံအမှတ်နှင့် စာစစ်ဌာနကို သိရှိပြီးဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (ဖုန်း၊ ဝ၆၇၃၄ဝ၉ဝ၅၂၊ ဝ၆၇ –၃၄ဝ၉၄၃ဝ၊ ဝ၉ –၄၂၄၄ဝ၈၉၅၄၊ ဝ၉ –၄၂ဝ၇ဝ၆၆ဝ၅၊ ဝ၉ –၄၂ဝ၇ဝ၆၆ဝ၆၊ ဝ၉–၂၆၂၅ဝ၂၉၈၈၊ ဝ၉–၇၉၇၇၂၇၆၉၆နှင့် ဝ၉–၇၈၁၂၈၆၇၇၈) သို့ ဇွန် ၃ ရက်မှ ၁၄– ရက်အတွင်း မပျက်မကွက် (မပျက်မကွက်) ဆက်သွယ်ဆောင်ရွက်ပေးရန် အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## ဓမ္မာစရိယစာမေးပွဲ ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပထမနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၅၉၄ ပါးအနက် ၉၂၈၈ ပါး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၅၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆ဝ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ




- ❑ ယနေ့ပြုလုပ်သည့် တံတားအမည် ပြောင်းလဲသတ်မှတ်ခြင်း အခမ်းအနားသည် မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ငြိမ်းချမ်းရေး၏ အခြေခံ စည်းလုံးညီညွတ်ခြင်း သဘောတရား၊ ဒီမိုကရေစီစနစ်၏အခြေခံ ဒေသခံပြည်သူလူထု ဆန္ဒသဘောထားများကို လက်တွေ့ဖော်ဆောင်ပေးသည့် အခမ်းအနား တစ်ခုဖြစ်
- ❑ ထို့ကြောင့် ယခုတံတားကို ဒေသခံပြည်သူများ၏ စိတ်သဘောဆန္ဒနှင့်အညီ စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး မူလအမည် သံလွင်တံတား (ချောင်းဆုံ) အဖြစ် အမည်နာမ ပြန်လည်ပြောင်းလဲသတ်မှတ်ခြင်းဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံလွင်တံတား (ချောင်းဆုံ) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



※ *ရှေ့ဖုံးမှ*

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် တံတားအမည် ပြောင်းလဲသတ်မှတ်ခြင်း အခမ်းအနားသည် မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ငြိမ်းချမ်းရေး၏ အခြေခံ စည်းလုံးညီညွတ်ခြင်း သဘောတရား၊ ဒီမိုကရေစီစနစ်၏ အခြေခံဒေသခံပြည်သူလူထုဆန္ဒသဘောထားများကို လက်တွေ့ဖော်ဆောင်ပေးသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုတံတားကို ဒေသခံပြည်သူများ၏ စိတ်သဘောဆန္ဒနှင့်အညီ စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး မူလအမည် သံလွင်တံတား (ချောင်းဆုံ) အဖြစ် အမည်နာမ ပြန်လည်ပြောင်းလဲသတ်မှတ်ခြင်းဖြစ်ကြောင်း။

### သတ်မှတ်ခေါ်ဝေါ်စေခဲ့ခြင်းဖြစ်

သံလွင်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် မြစ်ကူးတံတားများအနက် ယခုမြင်တွေ့နေရသည့် သံလွင်တံတား (ချောင်းဆုံ) သည် စတင်တည်ဆောက်စဉ်ကတည်းကပင် သံလွင်မြစ်ကူးတံတား(ချောင်းဆုံ) အဖြစ် အမည်သတ်မှတ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စတင်တည်ဆောက်စဉ်ကတည်းက ထိုကဲ့သို့ အမည်ပေးထားခြင်းသည် ဒေသခံတိုင်းရင်းသားများ၏ သဘောထားဆန္ဒအပါအဝင် ဒေသနှင့် ကိုက်ညီသင့်လျော်သည့် အမည်နာမဖြစ်သည့်အတွက် သတ်မှတ်ခေါ်ဝေါ်စေခဲ့ခြင်း ဖြစ်ပါကြောင်း။

### ငွေကျပ်သန်း ၃၁၃၆၀ သုံးစွဲ

ဒေသတစ်ခု စီးပွားရေးတိုးတက်ကောင်းမွန်စေရန်အတွက် လုံလောက်သည့် လျှပ်စစ်ဓာတ်အားရရှိမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်မှုနှင့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်မှုတို့သည် အဓိကကျပါကြောင်း၊ ချောင်းဆုံမြို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော အချက်အလက်များ သင့်တင့်ပြည့်စုံမှုရှိနေသော်လည်း လမ်းပန်းဆက်သွယ်ရေးအရ ရေကြောင်းလမ်းကိုသာ အဓိကထားသုံးစွဲနေရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုတွင် မျှော်မှန်းသလောက် မရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် အဓိကထား အသုံးပြုနေရသည့် သံလွင်မြစ်ကြောင်းသည်လည်း ရေစီးသန်သည့် မြစ်တစ်ခုဖြစ်သည့်အပြင် ပင်လယ်ရေပြင်နှင့် ထိစပ်နေသည့်အတွက် ဒီရေအတက်အကျများကြောင့် ရေကြောင်း ဆက်သွယ်သွားလာမှုတွင်လည်း ဘေးအန္တရာယ်အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားပြီး ဒေသနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့် ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ရေး ဒီမိုကရေစီပထမအစိုးရသစ် (၂၀၁၀-၂၀၁၅) ခုနှစ်တွင် တံတားတည်ဆောက်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆင့်ဆင့်ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၃၇၀၀ ဖြင့် ချဉ်းကပ်လမ်းများ ဖောက်လုပ်ခြင်း၊ မြေသားရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၂၀၀၀၀ ကိုအသုံးပြုပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၃၁၃၆၀ သုံးစွဲပြီး တံတားအား တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်သည်အထိ လျာထား ဆောင်ရွက်ခဲ့ပါကြောင်း။

### ၁၅၈၆ မီတာ ရှည်လျား

ယခုတံတားကြီးကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ပြီးစီးပြီး တံတားကို စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၇ ခုနှစ်၊ မေ ၉ ရက်အထိ စီမံကိန်းကာလ ၂ နှစ်နှင့် ၃ လကျော်အထိ အချိန်ယူတည်ဆောက်ခဲ့ရပါကြောင်း၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့ကို ဖြတ်သန်းဖောက်လုပ်ထားသည့် တံတားအရှည်အနေဖြင့် ချဉ်းကပ်လမ်း စုစုပေါင်း မီတာ ၁၀၅၀၊ ပင်မတံတား အရှည် ၅၃၆ မီတာရှိသည့်အတွက် စုစုပေါင်းတံတားအရှည် ၁၅၈၆ မီတာ ရှည်လျားပါကြောင်း။

တစ်ဆက်တည်းအနေဖြင့် ဒီမိုကရေစီပထမအစိုးရသစ် (၂၀၁၀-၂၀၁၅) ခုနှစ် လက်ထက်တွင် ချောင်းဆုံမြို့နယ်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး အလေးပေးဆောင်ရွက်ခဲ့သည်ကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း၊ ယခုအမည်ပြန်လည်ပြောင်းလဲသည့် တံတားတည်ဆောက်နိုင်ရေးသာမကဘဲ ချောင်းဆုံမြို့နယ်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက်ကိုလည်း ဟန်ချက်ညီ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ၆၆ KVA မဟာလျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းနိုင်ရေးကို ဆောင်ရွက်ခဲ့ပြီး စီမံကိန်းတန်ဖိုး ငွေကျပ်သန်း ၃၄၀၀ အထိ အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

### ဒီမိုကရေစီစနစ်ကို လက်တစ်လုံးခြား ပြုလုပ်

ယခုတံတားကြီး တံတားတည်ဆောက်ပြီးစီးချိန် ယခင်အစိုးရလက်ထက်တွင် ဖွင့်လှစ်ခဲ့ပြီး တံတားဖွင့်လှစ်စဉ်တွင် ၎င်းတို့ ပါတီပုံရိပ်အတွက် မူလသတ်မှတ်ထားသည့် အမည်အစား ဗိုလ်ချုပ်အောင်ဆန်းတံတားအဖြစ် အမည်ပေးပြီးဖွင့်လှစ်နိုင်ရေး ဦးတည်လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ထိုသို့လုပ်ဆောင်လာမှုများအပေါ် ကန့်ကွက်မှုများ ပေါ်ပေါက်လာချိန်တွင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မရှိခဲ့သည့် တံတားအမည်ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြမဲခွဲအတည်ပြုခဲ့ရသည်အထိ မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ထိုသို့လွှတ်တော်တွင် အဆိုတင်မဲခွဲစဉ်ကလည်း ဒေသနှင့် တိုင်းရင်းသား ကိုယ်စားပြုပါတီကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံပြည်သူလူထု၏ အသံကို ထင်ဟပ်စေသည့် မူလပေးအပ်ထားသည့် အမည်ကိုသာ ပေးအပ်ရန် ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း အာဏာရပါတီအနေဖြင့် ကိုယ်စားလှယ် အင်အားသာလွန်မှုနှင့် ဒီမိုကရေစီစနစ်ကို လက်တစ်လုံးခြား ပြုလုပ်ပြီး တံတားအမည်ပေးအပ်မှုကို ရှေ့တိုးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ထိုကဲ့သို့ တံတားအမည် ပေးအပ်ခဲ့မှုအပေါ် ပြည်သူလူထု၏ ကန့်ကွက်ဆန္ဒပြမှုများ၊ ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ရပြီး ကန့်ကွက်လက်မှတ်ရေးထိုးကောက်ယူမှု ဆောင်ရွက်ခဲ့သည့်နေရာတွင်လည်း လက်မှတ်ပေါင်း တစ်သိန်းခွဲခန့်အထိ ရရှိခဲ့သည်ဟု သိရှိရပါကြောင်း၊ ထို့အပြင် တံတားအမည် ပေးအပ်မှုကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူမပြုသည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်သည့်အတွက် ပြန်လည်သုံးသပ်ပေးနိုင်ရေး နိုင်ငံရေးပါတီ ၁၄ ခုက ကြေညာချက် ထုတ်ပြန်ခဲ့သည်ကိုလည်း မှတ်သားမိပါကြောင်း။

### ပြန်လည်သတ်မှတ်ပေးခဲ့ခြင်းဖြစ်

ဗိုလ်ချုပ်အောင်ဆန်းသည် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင် ဖြစ်သကဲ့သို့ တပ်မတော်၏ဖခင်လည်း ဖြစ်ပါကြောင်း၊ မိမိတို့သည် မိမိတို့ လေးစားကြည်ညိုရသူများ၏ ပုံရိပ်ဆိုခြင်းထက် ၎င်းတို့၏လမ်းစဉ်၊ ၎င်းတို့၏စကားများကို ပို၍အလေးထား လိုက်နာဆောင်ရွက်ခြင်းသည် ၎င်းတို့၏ ဂုဏ်ကို မြှင့်တင်ရာရောက်မည် ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဆိုသည့် အမည်သည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အထင်ကရတည်တံ့နေမည့်အမည်ဖြစ်သကဲ့သို့ ယခုတံတားအမည် ပြောင်းလဲသတ်မှတ်မှုသည်လည်း ဗိုလ်ချုပ်အောင်ဆန်း လိုလားတောင့်တခဲ့သည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရှိစေရေးကို ခိုင်ခိုင်မာမာဖြစ်စေမည် ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့် မလိုလားသော်လည်း ယခင်အစိုးရသည် ၎င်းတို့ပါတီပုံရိပ်အတွက် ဗိုလ်ချုပ်အောင်ဆန်းတံတားအဖြစ် အမည်ပေးအပ်ခဲ့သည့်အတွက် ယနေ့တွင် ဒေသခံပြည်သူလူထု၏ လိုအင်ဆန္ဒအတိုင်း တံတား၏ မူလအမည်ဖြစ်သည့် သံလွင်တံတား (ချောင်းဆုံ) အဖြစ် ပြန်လည်သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သံလွင်တံတား (ချောင်းဆုံ) ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။

### ရေလမ်းခရီးကိုသာအဓိကထားသွားလာ

မွန်ပြည်နယ်သည် ခရိုင် ၂ ခု၊ မြို့နယ်ပေါင်း ၁၀ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ယခုဘီလူးကျွန်းပေါ်တွင်တည်ထားသည့် ချောင်းဆုံတစ်မြို့နယ်တည်းသာလျှင် ကားလမ်းနှင့် တစ်ဆက်တစ်စပ်တည်း သွားလာ၍မရဘဲ ရေလမ်းခရီးကိုသာ အဓိကထားသွားလာရသည့်မြို့ဖြစ်ပါကြောင်း၊ ကျေးရွာပေါင်း ၇၂ ရွာနှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ကျွန်းမြို့ကလေးတစ်မြို့သာ ဖြစ်သော်လည်း ကမ္ဘာမှာပါ ထင်ရှားကျော်ကြားခဲ့သည့် ကျေးရွာများဖြင့် ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာကျော်ခဲ့သည့် ဆေးတံထွက်ရှိရာ ဒေသဖြစ်သည့်အပြင် ကျောက်သင်ပုန်း၊ လက်မှုပညာရပ်များသာမက မြေဆီမြေဩဇာ ထက်သန်ကောင်းမွန်မှုကြောင့် မြန်မာနိုင်ငံတွင် အကောင်းဆုံး ဆန်စပါးထွက်ရှိရာ မြို့နယ်များအနက် တစ်မြို့နယ်အဖြစ် ပါဝင်လျက်ရှိသည်ကို မှတ်တမ်းတင် ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ မြေအနေအထားကောင်းမွန်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိနိုင်မှု၊ လူသားအရင်းအမြစ် ကောင်းမွန်မှုများကြောင့် ချောင်းဆုံဒေသတွင် စက်မှုလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုတို့တွင် များစွာအကျိုးရှိနိုင်မည်ဟု ပြောလိုပါကြောင်း။

### ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယာယီသမ္မတ၏ တာဝန်ပေးအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ နိုင်ငံတော်ကို အရေးပေါ် အခြေအနေအဖြစ် ကြေညာပြီး ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နိုင်ငံတော်တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်လျက် ရှိပါကြောင်း၊ တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ လိုအပ်ချက်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ **တပ်မတော်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာ အာမခံထားပြီးဖြစ်**ပါကြောင်း၊ ဒေသခံများ၏ လိုအင်ဆန္ဒနှင့်အညီ အမည်ပြန်လည်ပြောင်းလဲသတ်မှတ်ခဲ့သည့် သံလွင်တံတား (ချောင်းဆုံ) ကို အကျိုးရှိစွာ အသုံးချပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့် နယ်ပယ်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့အပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လာစေရေးအတွက် “We Are Myanmar” “ငါတို့အားလုံး မြန်မာ” ဆိုသည့် စိတ်ကိုထားရှိပြီး နိုင်ငံအကျိုး၊ တိုင်းပြည်ကောင်းကျိုးအတွက် နိုင်ရာတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

### များစွာကျေးဇူးတင်ရှိ

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ချောင်းဆုံမြို့နယ်သည် ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အသုံးပြုသွားလာနေရခြင်းဖြစ်သဖြင့် သွားလာမှုခက်ခဲခဲ့ကြောင်း၊ ယခင်ဒီမိုကရေစီပထမ အစိုးရလက်ထက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ခရီးစဉ်၌ ချောင်းဆုံမြို့နယ်အတွင်း သွားလာမှုအဆင်ပြေစေရန်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ သံလွင်တံတား (ချောင်းဆုံ) အမည်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ချောင်းဆုံမြို့နယ်အတွင်း လျှပ်စစ်မီးရရှိရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများ၏ တစ်ပိုင်တစ်နိုင် စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင်ပြေစွာ

*စာမျက်နှာ ၅ သို့*

- **ဒေသခံများ၏ လိုအင်ဆန္ဒနှင့်အညီ အမည်ပြန်လည် ပြောင်းလဲသတ်မှတ်ခဲ့သည့် သံလွင်တံတား (ချောင်းဆုံ) ကို အကျိုးရှိစွာ အသုံးချပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအစရှိသည့် နယ်ပယ်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**
- **ထို့အပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လာစေရေးအတွက် “We Are Myanmar” “ငါတို့အားလုံး မြန်မာ” ဆိုသည့် စိတ်ကိုထားရှိပြီး နိုင်ငံအကျိုး၊ တိုင်းပြည်ကောင်းကျိုးအတွက် နိုင်ရာတာဝန်များကို ကြိုးပမ်းဆောင်ရွက်**

## ပြည်တွင်းစီးပွားရေးကို ထိခိုက်စေနိုင်သည့် ကုန်သွယ်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လို

ပြည်တွင်းစက်မှုလုပ်ငန်းများ အားပေးဆောင်ရွက်မှုနှင့်ပတ်သက်၍ တိုင်းချစ်၊ ပြည်ချစ် စိတ်ဖြင့် ပြည်တွင်းဖြစ်ကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပြည်တွင်းစီးပွားရေးကို ထိခိုက်စေနိုင်သည့် ကုန်သွယ်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တံတားဆောက်လုပ်ပြီးစီးသည့်အချိန်တွင် ယခင်အစိုးရမှ တံတား၏ အမည်အား ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကန့်ကွက်မှုများကို အလေးမထားဘဲ ၎င်းတို့၏ သဘောဆန္ဒနှင့်အညီ ပြောင်းလဲသတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဒေသခံပြည်သူများ၏ သဘောထားဆန္ဒနှင့်အညီ တံတားအမည်အား မူလအမည်ဖြစ်သည့် သံလွင်တံတား (ချောင်းဆုံ) ဟု ပြန်လည်သတ်မှတ်ဆောင်ရွက်ပေးသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား များစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံလွင်တံတား (ချောင်းဆုံ) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး တံတားကြီးအား ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား အခမ်းအနားမှ ပြန်လည်ထွက်ခွာရာ ဒေသခံ ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ တိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် ရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော် ငွေပေးချေမှုစနစ် ကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်ငွေပေးချေမှုစနစ် ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee) ၏ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်ငွေပေးချေမှုစနစ် ကြီးကြပ်မှုကော်မတီအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက နိုင်ငံတော်၏ ငွေပေးချေမှုဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရေးဆွဲထားသည့် အမျိုးသားငွေပေးချေမှုစနစ် မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ပါ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အဓိကအားဖြင့် နိုင်ငံ၏ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်မည့် လုံခြုံစိတ်ချရပြီး စွမ်းရည်ပြည့်ဝသည့် အားလုံးပါဝင်ဆောင်ရွက်နိုင်သော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ် တည်ထောင်ရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားငွေပေးချေမှုများအား အီလက်ထရွန်နစ် ငွေပေးချေမှုနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန်၊ အများပြည်သူ၏ နေ့စဉ်ငွေပေးချေမှုများတွင် ငွေသားအသုံးပြုမှုလျှော့ချပြီး၊ Digital နည်းလမ်းများဖြင့် ထိထိရောက်ရောက်လက်တွေ့အသုံးချသည့် ငွေပေးချေမှုစနစ်ဖြစ်ရေးအတွက် နိုင်ငံတော်အဆင့်မှ ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ခေတ်မီငွေပေးချေမှုနည်းလမ်းများ၊ အီလက်ထရွန်နစ်ငွေကြေးများ စနစ်တကျ ပေါ်ပေါက်အသုံးပြုနိုင်ရန်နှင့် ဝန်ဆောင်မှုပေးသူနှင့် ရယူအသုံးပြုသူများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်မည့် ငွေပေးစနစ် ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ဥပဒေကြပ်မတ်ကွပ်ကဲမှု မူဘောင်တစ်ရပ်ကို ချမှတ်ပြီး နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ငွေပေးချေမှု Platform တစ်ခုဖြစ်သော CBM-Net System နှင့် ပတ်သက်၍ ဘဏ်အချင်းချင်းသာမက Customer တစ်ဦးချင်းအကြား နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်သော ငွေလွှဲပြောင်းပေးချေမှုစနစ်၊ နိုင်ငံတော်ပိုင်းမှ CBM-Net System အခြေခံ၍ အခွန်ပေးချေနိုင်မှုများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Mobile Financial Service Provider များဖြစ်သော Wave Money၊ OK Dollar ၊ MPT၊ Ooredoo၊ Mytel တို့၏ Digital payment Platform များဖြင့် မီတာဘေလ်၊ ရေခွန်၊ မြေခွန်နှင့် အခြား အခွန်အခများ ပေးချေဆောင်ရွက်နေမှုများ ထပ်မံတိုးချဲ့ဆောင်ရွက်မည့် MMQR စနစ်ကို ပိုမိုအသုံးပြုလာနိုင်ရေးနှင့် လက်ရှိအခက်အခဲများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့ဝင်များက ပြည်တွင်းငွေပေးချေမှုစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ပြည်တွင်းဘဏ်များ၏ မိုဘိုင်းငွေပေးချေမှုစနစ်များ ကျယ်ပြန့်စွာ သုံးစွဲနိုင်ရန်ဆောင်ရွက်သွားရေး၊ ငွေပေးချေမှုအတွက် စံများ၊ လုပ်ထုံးလုပ်နည်းများကို ကော်မတီ၏ ဦးဆောင်မှုဖြင့် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရေး၊ အများပြည်သူတို့၏ နေ့စဉ်ငွေပေးချေမှုများတွင် ငွေသားအသုံးပြုမှုလျှော့ချပြီး ခေတ်မီဒစ်ဂျစ်တယ်ငွေပေးချေမှု စနစ်များ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များအတွက် ပံ့ပိုးရမည့်အချက်များကို သက်ဆိုင်ရာဌာနများအထူးသဖြင့် အခွန်အခနှင့် ဆောင်ရွက်ခများကို လျှော့ချရေး Retail နှင့် Wholesale များအတွက် Digital Sale များကို ပိုမိုလက်ခံအသုံးပြုလာစေရန် နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းမှ ပံ့ပိုးဆောင်ရွက်မှုရရှိရေး၊ Cheque Truncation System များ ပုံမှန်အသုံးပြုလာရေး၊ ငွေပေးချေမှု စနစ်များအား လုံခြုံစိတ်ချစွာဖြင့် အသုံးပြုနိုင်ရေးနှင့် တရားမဝင်ငွေပေးချေမှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများအား နိုင်ငံတော်၏ ငွေပေးချေမှုစနစ်အောက်တွင် ပါဝင်လာစေရေးတို့ကို အကြံပြုဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

## ကျောင်းသားများအားလုံး ပညာသင်ကြားရေးကိုသာ ဂရုစိုက်ဆောင်ရွက်ကြစေလိုပြီး မိဘများနှင့် တာဝန်ရှိသူများအနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား မော်လမြိုင်မြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက် တွေ့ဆုံအမှာစကား ပြောကြားသည်။

### တာဝန်ရှိသူများ တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ အစည်းအဝေးခန်းမတွင် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေ အနေများ၊ COVID – 19 ရောဂါကာကွယ်ဆေးထိုးနှံ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အထွေထွေ အချက်အလက်များကိုလည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မော်လမြိုင်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများနှင့် မော်လမြိုင်လေဆိပ်အဆင့်မြှင့်တင် ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်း တင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိမိတို့နိုင်ငံ၏ စက္ကူလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စစ်တောင်းစက္ကူစက်ရုံ အား အသစ်ပြန်လည် တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက္ကူထုတ်လုပ်ရန် အတွက် လိုအပ်သည့် ကုန်ကြမ်းဖြစ်သည့် ဝါးနှင့် ယူကလစ်များအပြင် မန်ဂျန်ရှား စသည့် ကြီးမြန် သစ်ပင်ကိုလည်း စနစ်တကျဖြင့် စိုက်ပျိုးရန် လိုအပ် ကြောင်း၊ မော်လမြိုင်လေယာဉ်ကွင်းအား အဆင့်မြှင့် တင်မှုများပြုလုပ်ရာတွင် ရေရှည်အတွက် ထည့်သွင်း စဉ်းစားတည်ဆောက်ရန်လိုကြောင်း၊ မော်လမြိုင် ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခြင်းဖြင့် ရေထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ် မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ရေတို ရေရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

❖ **မော်လမြိုင် ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခြင်းဖြင့် ရေထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ရေတိုရေရှည် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်လို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာ စကားပြောကြားရာတွင် ၁၉၉၇ ခုနှစ်မှ ၂၀၂၀ ပြည့် နှစ်အထိ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက် ရာခိုင်နှုန်းတွင် မွန်ပြည်နယ်သည် ပြည်နယ်များတွင် အမြင့်ဆုံးဖြစ်သည်ကို အားရဖွယ် တွေ့ရှိရကြောင်း၊ ပညာရေး၌ ကြိုးစားအားထုတ်မှုကောင်းသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသား အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်၍ အကျိုးရှိစွာ အသုံးချနိုင်ပါက ပြည်နယ်အတွက် များစွာအကျိုးရှိ မည်ဖြစ်ကြောင်း၊ ကျောင်းသားများအားလုံး ပညာ သင်ကြားရေးကိုသာ ဂရုစိုက်ဆောင်ရွက်ကြစေလိုပြီး မိဘများနှင့် တာဝန်ရှိသူများအနေဖြင့်လည်း ပညာ ရေးကို အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ တက္ကသိုလ်ပညာရပ်များကို သင်ကြားခြင်းသည် မိမိ တို့ အထူးပြုသည့် ဘာသာရပ်အပေါ် ကျယ်ပြန့်စွာ လေ့လာသင်ကြားခြင်းပင်ဖြစ်ကြောင်း၊ တက္ကသိုလ် ပညာပြီးဆုံးသူတိုင်း ပညာရှင်မဖြစ်နိုင်သော်လည်း လေ့လာခဲ့သည့် ပညာရပ်၊ သင်ယူခဲ့သည့် ဘာသာရပ် များအလိုက် အသိပညာ အတတ်ပညာများ ရရှိပြီး အဆိုပါပညာရပ်များကို အသုံးချ၍ မိမိတို့၏ ဘဝ တိုးတက်ရေးအတွက်ဆောင်ရွက်နိုင်သဖြင့် တက္ကသိုလ် ပညာရေးကို အားပေးသင့်ကြောင်း။

### ပြည်ပသွင်းကုန်များကို အစားထိုး

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ဒေသတွင်း ပညာတတ်များ ပေါ်များရန် လိုကြောင်း၊ အသိပညာအတတ်ပညာများ မရှိဘဲ အဆင့်မြင့် ထုတ်ကုန်များ၊ အဆင့်မြင့် စိုက်ပျိုးမွေးမြူ ရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် မဖြစ်နိုင်ကြောင်း၊

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

နေပြည်တော် ဇွန် ၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ (၂၀၂၁ ခုနှစ်၊ ဧပြီလ) စာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။**






အဆိုပါ စာအုပ်တွင် ၂၀၂၁ ခုနှစ် ဧပြီလ အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်း စုစုပေါင်း ၁၄ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ဧပြီလ ၆ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံပွဲတွင် "ပြည်သူလူထု၏ အကျိုးစီးပွားကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်မှသာ ပြည်သူလူထုက မိမိတို့အစိုးရအဖွဲ့ကို ယုံကြည်လာမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုအား ဒီမိုကရေစီအသိအမြင်နှင့် ဖက်ဒရယ်အသိအမြင်ရှိအောင် တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ခံ၍မရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အသိအမြင်ရှိရေးတို့ကို မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဆောင်ရွက်နိုင်မှသာ မှတ်ကျောက်တင်ခံရမည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း" ပြောကြားသည့် အမှာစကားအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများနှင့် အမှာစကားများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့်ပညာရပ်များ တတ်မြောက်စေရေး စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်တွင်း၌ပင် အဆင့်မီစွာဖြင့် လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်၍ ပြည်တွင်းထုတ်လုပ်မှုကို အားပေးရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း နိုင်ငံအတွက်လိုအပ်သည့် ထုတ်လုပ်၍ရသည့် ပစ္စည်းများ ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို အစားထိုးဆောင်ရွက်နိုင်ပါက များစွာအကျိုးရှိမည် ဖြစ်ကြောင်း။

### ဝိုင်းဝန်းအားပေးဆောင်ရွက်

မြေအသုံးချမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အဓိကဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပြည်နယ်အတွက် ဆန်ဖူလုံမှုရှိသော်လည်း တစ်ဧကချင်းစိုက်ပျိုးထွက်ရှိမှုနှုန်း နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် အထွက်နှုန်း ကောင်းမွန်စေရန်အတွက် မျိုးကောင်းရန်၊ မြေနှင့် ရေကောင်းရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်နှင့် လိုအပ်သည့်သွင်းအားစုများကိုလည်း ပြည့်ပြည့်ဝဝဖြင့် ထည့်သွင်းအသုံးပြုရန်လိုကြောင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ပါက ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများက တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ဝိုင်းဝန်းအားပေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ရော်ဘာ၊ ဒူးရင်း၊ ကြက်မောက်၊ အုန်း၊ ကွမ်းသီး၊ သရက်၊ သီဟိုဠ်စသည့် နှစ်ရှည် သီးနှံပင်များ စိုက်ပျိုးရာတွင်လည်း ရှိပြီးသား ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များအပေါ်တွင် မူတည်၍ အထွက်နှုန်းကောင်းမွန်ရန်နှင့် အသီးအနှံများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် သုတေသနပြု ဆောင်ရွက်နေရန်လိုကြောင်း၊ ထွက်ရှိသည့် သီးနှံများ အရည်အသွေးကောင်းမွန်ပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် နိုင်ငံခြားငွေများ ရရှိမည်ဖြစ်သဖြင့် ဒေသခံ စိုက်ပျိုးတောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ဒေသတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ပါက အောင်မြင်မှုရရှိနိုင်သည့် အလားအလာကောင်းများရှိကြောင်း၊ ရေပေါသည့်ဒေသဖြစ်သဖြင့် ဘဲမွေးမြူရေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်သင့်ကြောင်း၊ အသားစားနွားများ၊ ကြက်၊ ဝက်နှင့် ငါးပုစွန်များအား နည်းပညာအသုံးပြု အဆင့်မြင့် မွေးမြူ၍ အေးခဲအသားများ ပြုလုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ မွန်ပြည်နယ်သည် အချက်အချာကျသည့် နေရာတွင် တည်ရှိခြင်းကြောင့် ရှိပြီးသားအခြေခံများကို အသုံးချ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

### များစွာအကျိုးဖြစ်ထွန်းစေမည်

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်သင့်ကြောင်း၊ ပြည်နယ်အတွင်း ဖြစ်နိုင်သည့် ရေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ပြည်နယ်နှင့် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

### ရွေးကောက်ပွဲသည် အဓိကအရေးကြီး

တပ်မတော်သည် ပြည်သူက လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ၂၀၁၈ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် တတိယအကြိမ် နှစ်ပတ်လည်နေ့ အခမ်းအနား၌ သန့်ရှင်းသည့် ဒီမိုကရေစီ၊ ရိုးသားသည့် ဒီမိုကရေစီစနစ်ကို သွားချင်သည်ဟု ပြောကြားခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ထူးခြားသည့် ဝိသေသလက္ခဏာများ များစွာရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) အခြေခံမူများနှင့် အခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို လေ့လာကြည့်ပါက နိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးအား တူညီသည့်အခွင့်အရေးများ ပေးထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားခဲ့ကြောင်း၊ စစ်ဘက်အရပ်ဘက်ဆက်ဆံရေး ပိုမိုအဆင်ပြေစေရေး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲပြုလုပ်ခဲ့ချိန်တွင်လည်း တပ်မတော်မဲရုံများ တပ်ပြင်ပတွင် ဖွင့်လှစ်ရန် ပြောကြားခဲ့သည့်အတွက် ခွင့်ပြုပေးခဲ့ကြောင်း၊ မိမိကိုယ်တိုင်လည်း ကြိုတင်မဲမပေးဘဲ တပ်မိသားစုများနှင့်အတူ ဆန္ဒမဲပေးခဲ့ကြောင်း၊ ထို့နောက် မဲစာရင်းမှားယွင်းမှုများကို တွေ့ရှိရသဖြင့် ပြန်လည်စိစစ်နိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်သို့ မဲဆန္ဒရှင်စာရင်းများ တောင်းခံခဲ့သော်လည်း ပေးအပ်ခဲ့ခြင်းမရှိသည့်အပြင် ဖြေရှင်းဆောင်ရွက်မှုလည်း မရှိခဲ့ကြောင်း၊ ယခုအသစ်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်စိစစ်သည့်အချိန်တွင်လည်း မှားယွင်းမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို ထပ်မံစစ်ဆေးတွေ့ရှိရကြောင်း၊ အောက်ခြေမှစ၍ နိုင်ငံတော်အဆင့်အထိ မရိုးမသား ဆောင်ရွက်ထားသည်များကိုပါ စိစစ်တွေ့ရှိရသဖြင့် တွေ့ရှိချက်များကို အချိန်ကာလတစ်ခုတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ မရိုးမသားဆောင်ရွက်၍ မရကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းချိန်တွင် ရွေးကောက်ပွဲသည် အဓိကအရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များအား ခေတ္တတာဝန်ယူထမ်းဆောင်နေခြင်း ဖြစ်ကြောင်း၊ လွတ်လပ်ပြီး မျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### သွားရောက်ကြည့်ရှုစစ်ဆေး

ယင်းနောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ ရာမည ဘောလုံးကွင်းအဆင့်မြှင့်တင်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဇွန် ၁**

ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ဗားရ်(ဖလမ်းမြို့နယ်)၊ ချောက်မြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက်ဒုံမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ နေပြည်တော်လေဆိပ်(ဧလာ)တွင် ၁ ဒသမ ၅၀ လက်မ၊ ပျဉ်းမနား(ဝဲကြီး)နှင့် မတ္တရာ(စိုက်ပျိုးရေး)တို့တွင် ၁ ဒသမ ၂၆ လက်မစီ၊ ကျိုက္ကမီမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ နောင်ချိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၁ ဒသမ ၁၁ လက်မစီနှင့် ဗန်းမော်မြို့တွင် ၁ ဒသမ ၀၇ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား အမှာစကားပြောကြားစဉ်။

# ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်ခြင်းကို မည်သည့်နိုင်ငံတွင်မှ လက်ခံ၍ ရနိုင်မည်မဟုတ်

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် သိရှိနေရမည်ဖြစ်ပြီး နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေး နိုင်ငံတော်၏ တာဝန်ကို တပ်မတော်မှ ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်ခြင်းကို မည်သည့်နိုင်ငံတွင်မှ လက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း။

မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲတွင် မဲပမာဏ ပိုမိုများပြားစွာရရှိသူက အနိုင်ရရှိသည်ဖြစ်သော်လည်း မှန်ကန်သည့် မဲရလဒ်များဖြစ်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မဲဆန္ဒရှင်များအနေဖြင့် ရာနှုန်းပြည့်ပါဝင်မဲပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များသည် မိမိတို့ကိုယ်စား နိုင်ငံတော်အကြီးအကဲများကို မဲပေးရွေးချယ်ကြမည့်သူများဖြစ်သဖြင့် ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မဲမသမာမှုများပြုလုပ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိလာမည့်သူများသည် ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်မည်သို့မျှမဖြစ်နိုင်သည်ကို စဉ်းစားသုံးသပ်ကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

## ဟန့်တားမှုများ ပြန်လည်လုပ်ဆောင်

တပ်မတော်အနေဖြင့် မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင်ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ကာ နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ တာဝန်ယူပြီး အစောပိုင်းကာလများတွင် ငြိမ်းချမ်းခဲ့သော်လည်း နောက်ပိုင်းတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများ၏ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့နောက် ဆူပူဆန္ဒပြသည့်အဆင့်၊ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှု အဆင့်များမှတစ်ဆင့် အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေးအဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့်လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထိုသို့ အကြမ်းဖက်မှုများကို လုံလောက်သည့် ဟန့်တားမှုများ ပြန်လည်လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် အချို့သော နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းခွင်များမှ အကြောင်းမဲ့ပျက်ကွက်၍ အဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မည်သူမည်ဝါဖြစ်သည်ကို ခွဲခြားနေ၍မရဘဲ ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး ကုသပေးရန် တာဝန်ရှိသည်ဖြစ်သော်လည်း လုပ်ငန်းတာဝန်များမှ ပျက်ကွက်လျက်ရှိနေကြကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့်လည်း ကျောင်းနေအရွယ် ကလေးငယ်များကို အခြေခံပညာသင်ကြားပြသပေးရမည့် တာဝန်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ တစ်ဦးတစ်ယောက်၏ စိတ်ခံစားချက်များနှင့် လုပ်ငန်းတာဝန်များကို ခွဲခြားသိမြင်ရန်လိုပြီး နိုင်ငံတော်အတွက် စဉ်းစားလုပ်ဆောင်ကြစေလိုကြောင်း။

## ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး

ထိုကဲ့သို့ လုပ်ဆောင်မှုများ ရှိနေသည်ဖြစ်သော်လည်း မိမိတို့တိုင်းပြည်တွင် လုပ်ဆောင်ရန် များစွာရှိနေသောကြောင့် တတ်နိုင်သရွေ့ ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ပျက်ကွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ နေရာတွင် အစားထိုးခန့်ထားနိုင်ရေး လိုအပ်သည်များ လုပ်ဆောင်လျက်ရှိကြောင်း၊ ယနေ့ ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊

*စာမျက်နှာ ၉ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါင်မြို့နယ်ရှိ ပဒုမ္မာဆပ်ပြာစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါင်မြို့နယ် ပဒုမ္မာဆပ်ပြာစက်ရုံအတွင်း ဆပ်ပြာထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာရှိ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် စက်ရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး စက်ရုံအစည်းအဝေးခန်းမတွင် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက စက်ရုံမှ ကိုယ်တိုက်ဆပ်ပြာနှင့် အဝတ်လျှော်ဆပ်ပြာခဲများ ထုတ်လုပ်နေမှုအခြေအနေ၊ လုပ်ငန်းလည်ပတ်နေမှု အခြေအနေများနှင့် အင်းတကော် မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံမှ SKD စနစ်နှင့် CKD စနစ်များဖြင့် မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အရည်အသွေးကောင်းမွန်စေရေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်းဆပ်ပြာ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပြီး ပြည်ပသွင်းကုန် အစားထိုးဆောင်ရွက်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ကောင်းမွန်ရမည် ဆိုသည့်အတိုင်း ပြည်သူများ ပစ္စည်းအရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့ စက်ရုံမှ ထုတ်လုပ်သည့် ဆပ်ပြာများ၏ အရည်အသွေးကောင်းမွန်စေရေး အမြဲမပြတ် ဆောင်ရွက်နေရန် လိုကြောင်းနှင့် ပြည်တွင်းလိုအပ်ချက်ကို ရာခိုင်နှုန်းတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ရေး ထုတ်လုပ်နိုင်ရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ ထုတ်လုပ်သည့် ဆပ်ပြာများနှင့် ဈေးကွက်အတွင်း အသုံးပြုလျက်ရှိသည့် ဆပ်ပြာခဲများအား ကြည့်ရှုကြပြီး စက်ရုံအတွင်း ဆပ်ပြာ ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

**ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိ**

အဆိုပါ ပဒုမ္မာဆပ်ပြာစက်ရုံကို စစ်မှုထမ်းဟောင်းမိသားစုများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ ပြည်သူများ ဈေးနှုန်းချိုသာစွာ အသုံးပြုနိုင်ရန်နှင့် ပြည်တွင်းသုံးကုန်ပစ္စည်းလိုအပ်ချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၀၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ PADONMAR အမှတ်တံဆိပ်ဖြင့် အဝတ်လျှော် ဆပ်ပြာများအပြင် ကိုယ်တိုက်ဆပ်ပြာများကိုလည်း ဂရမ်မျိုးစုံ၊ အရောင်အနံ့စုံလင်စွာဖြင့် ထုတ်လုပ်လျက်ရှိပြီး သက်သာသော ဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

ကျောင်းသူများ ကျောင်းစတင်တက်ရောက်လျက်ရှိပြီဖြစ်ကြောင်း၊ **အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ပြန်လည်ပြုလုပ်ကာ တာဝန်လွှဲ ပြောင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။**

**မိမိဘဝတိုးတက်ရန် တည်ဆောက်**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယခုကဲ့သို့ ဆက်လက်ထိန်းသိမ်း လုပ်ဆောင်ပေးနေရခြင်းဖြစ်ကြောင်း၊ တပ်မတော်သားဘဝကို ခံယူခဲ့ကြသူများဖြစ်သည့်အတွက် တပ်မတော်သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သည်နှင့်အညီ အမိန့်နာခံတတ်ပြီး စည်းကမ်းရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှု အခန်းကဏ္ဍသည် အရေးကြီးသဖြင့် ညီညွတ်မျှတသည့် အုပ်ချုပ်မှုနှင့် ဆင့်ကဲကွပ်ကဲမှုစနစ် ရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိလက်အောက်ငယ်သားများ၏ အခက်အခဲ အကျပ်အတည်းများကို တော်တည့်မှန်ကန်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အသိ သတိရှိစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရေးကို အခြေခံသင်တန်းများ တက်ရောက်စဉ်ကပင် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သဖြင့် သင်ကြားပေးလိုက်သည့် ပညာရပ်များကို မှန်မှန်ကန်ကန် အသုံးချစေလိုကြောင်း၊ မိမိတို့၏ တိုင်းပြည်ကာကွယ်ရေး တာဝန်ထမ်းဆောင်မှုများကို ဂုဏ်ယူကြရန်နှင့် အနာဂတ်ကို ကြိုတင်မျှော်တွေးစဉ်းစားကာ မိမိဘဝတိုးတက်ရန် မိမိကိုယ်မိမိ တည်ဆောက်နေကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက မိခင်နှင့်ကလေး ထောက်ပံ့ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းတာဝန်ပျက်ကွက်မှုများကြောင့် တပ်မတော်ဆေးရုံ၌ ဖေဖော်ဝါရီလမှ ယနေ့အထိ ရိုးရိုးမီးဖွားလူနာ ၅၄၀ ၊ ခွဲစိတ်မီးဖွားလူနာ ၃၀၉ ဦး၊ အကြီးစားခွဲစိတ်လူနာ ၄၈၅ ဦး၊ ပုံမှန်ခွဲစိတ်လူနာ ၄၉၆ ဦး အပါအဝင် စုစုပေါင်း ဆေးရုံတက်အရပ်သားလူနာ ၄၂၆၅ ဦးကို လက်ခံကုသပေးနိုင်ခဲ့ကြောင်းနှင့် လက်ရှိတွင်လည်း အရပ်သားလူနာ ၅၂ ဦးကို လက်ခံကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ ကျော်ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီး**

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နိုင်ငံရေးဦးတည်ချက် (၃)ရပ်၊ စီးပွားရေးဦးတည်ချက်(၃) ရပ်၊ လူမှုရေးဦးတည်ချက်(၃)ရပ်တို့ကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ တာဝန်ယူဆောင်ရွက်ခဲ့သည့် ၄ လတာကာလအတွင်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်မှုများနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများကဲ့သို့ အထူးစီးပွားရေးဇုန်များသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပညာရရှိမှုနှင့်အတူ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် အထူးစီးပွားရေးဇုန်များ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဆိုပါ စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရန် ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ စီမံခန့်ခွဲမှုကော်မတီများကိုလည်း ပြန်လည်ဖွဲ့စည်းပြီးဖြစ်သည့်အတွက် ဇုန်များ၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အင်တိုက်အားတိုက် စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်း**

အထူးစီးပွားရေးဇုန် (၃) ခုရှိသည့်အနက် ဂျပန်နိုင်ငံနှင့် အဓိကထားဆောင်ရွက်သည့် သီလဝါအထူးစီးပွားရေးဇုန်တစ်ခုသာ လုပ်ငန်းများချောမွေ့အောင်မြင်စွာ လည်ပတ်လျက်ရှိသည်ကိုတွေ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်ကို တွေ့ရကြောင်း၊ လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားဖြစ်လည်ပတ်နေသည့် စက်ရုံပေါင်း ၂၀၂၁ ခုနှစ် မတ်လအထိ ဇုန် ( A) တွင် (၉၆) ခု ၊ ဇုန် ( B) တွင် (၂၆) ခု စုစုပေါင်း (၁၂၂) ခုဖြင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ (၅၃၂) သန်းကျော် ရရှိပြီးဖြစ်ပါကြောင်း၊ ကျန်နေသေးသည့် မြေနေရာများကို တည်ဆောက်ရေးအပိုင်းတွင် ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် နိုင်ငံ၏ ပုံရိပ်အဖြစ် ရပ်တည်နေသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ အဆိုပါဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စိတ်ချလက်ချ ဆက်လက်ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ကုမ္ပဏီအသစ်များ ထပ်မံလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လုပ်ငန်းများချောမောစွာ လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃) ရပ်တွင် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီး

**ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံ ပါဝင်နိုင်ရေး အဆိုပြုချက်များကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုကြောင်းကို ပြန်လည်အကြောင်းပြန်ပြီးဖြစ်**

- ❖ **လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားဖြစ်လည်ပတ်နေသည့် စက်ရုံပေါင်း ၂၀၂၁ ခုနှစ် မတ်လအထိ ဇုန် ( A) တွင် (၉၆) ခု ၊ ဇုန် ( B) တွင် (၂၆) ခု စုစုပေါင်း (၁၂၂) ခုဖြင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ (၅၃၂) သန်းကျော် ရရှိပြီးဖြစ်**
- ❖ **ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာ – တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေနိုင်**

ဌာနများ၏ လုပ်ထုံးလုပ်နည်း SOP များကို လက်တွေ့ကျကျ လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဇုန်များတွင် ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ထပ်မံဖိတ်ခေါ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကို ကောင်းမွန်စွာဦးဆောင်နိုင်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိအခြေအနေထက်ပိုမိုတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် စီးပွားရေးဇုန်များရှိ One Stop Service Centre များတွင် ထိရောက်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

**ဖွံ့ဖြိုးမှုကို များစွာအထောက်အကူရရှိစေမည်**

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက်ကို ရေးထိုးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် Shareholder Agreement သဘောတူညီချက်နှင့် နိုဝင်ဘာလတွင် Concession Agreement သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့ကြောင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ စီမံကိန်း၏ ရလဒ်အနေဖြင့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ESIA ၊ PGTS Suvy ဆိုင်ရာတင်ဒါလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့်အောင်မြင်နေသည့် သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်မှု အတွေ့အကြုံကောင်းများကို နမူနာယူ၍ စီမံကိန်းအောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာ – တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေနိုင်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းသည် တရုတ်နိုင်ငံ Belt and Road စီမံကိန်းနှင့်များစွာဆက်စပ်မှုရှိသည့်အတွက် နှစ်နိုင်ငံအကျိုးပြုမှုများရရှိပြီး ဒေသတွင်းဖွံ့ဖြိုးမှုကို များစွာအထောက်အကူရရှိစေမည်ဖြစ်ကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြမည်**

ထားဝယ်အထူးစီးပွားရေးဇုန်အနေဖြင့် ထိုင်းနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများဖြင့် စဉ်ဆက်မပြတ် တိုးတက်မှုရှိရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ထားသည်ကို တွေ့ရပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ ထီးခီး၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ ဖူနမ်ရွှမ် အထိဆက်သွယ်ထားသည့် နှစ်လမ်းသွားကားလမ်းအဆင့်မြှင့်တင် ဖောက်လုပ်ရေးစီမံကိန်းကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ရှိကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် အချိန်ကာလအတွင်း မူလရည်မှန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ပြီး တိုးတက်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်လမ်းသွားစီမံကိန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်များအတိုင်း မြန်မြန်ဆန်ဆန် ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံပါဝင်နိုင်ရေး အဆိုပြုချက်များကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုကြောင်းကို ပြန်လည်အကြောင်းပြန်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ – ထိုင်း– ဂျပန် သုံးနိုင်ငံပူးပေါင်း၍ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုအလားအလာကောင်းများ ပိုမိုရရှိစေနိုင်မည်ဟုမျှော်လင့်ကြောင်း၊ အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိုင်း – ဂျပန်တို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး အကျိုးရှိသည့် ရလဒ်ကောင်းများ အမြန်ဆုံးရရှိရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ အထူးစီးပွားရေးဇုန်များ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များ အောင်မြင်တိုးတက်အောင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပြီး တာဝန်ယူစဉ်ကာလအတွင်း ရလဒ်ကောင်းများအမြန်ဆုံးရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန် အခြေအနေများနှင့် အမှာစာများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်များ ရယူကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝင်းရှိန်၊ ဦးကိုကိုလှိုင်၊ ဦးခင်မောင်ရီ၊ ဦးတင်ထွဋ်ဦး၊ ဦးမြင့်ကြိုင်နှင့် ဦးအောင်သန်းဦး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဝန်ကြီး ဦးမင်းထိန်တို့က မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အထူးစီးပွားရေးဇုန်များ၏ စာချုပ်စာတမ်းကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ ကျန်ရှိသည့် အထူးစီးပွားရေးဇုန်(၂) ခုတွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်း အမြန်ဆုံးဆက်လက်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းပိုင်းနှင့် ပတ်သက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်မှန်သော်လည်း သက်ဆိုင်ရာလုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် လိုအပ်မည်ဖြစ်သည့်အတွက် လိုအပ်သည့် လေ့ကျင့်သင်ကြားမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း ...

မောင်ငြိမ်းအေး

၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာစာသင်ကျောင်းများ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ မင်္ဂလာရှိသော အခါသမယဖြစ်ပါသည်။ စာသင်ကျောင်းများသည် ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာရင်နို့သောက်စို့ရာ ဥယျာဉ်တစ်ခုဖြစ်သည်။ ပညာဥယျာဉ်လေးများ စတင်ပေါ်ထွန်းလာပြီဖြစ်၍ ကျောင်းသား ကျောင်းသူလေးများ၏ နှလုံးသားတွင် "ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း" ဟူ၍ ခွန်းဆင့်ဆိုတေးသီကြွေးနေကြမည်ဟု မျှော်လင့်ပါသည်။

### အမျိုးသားပညာရေး

လူရယ်လို့ဖြစ်လာသည်နှင့် ပညာသင်ကြားရမည်မှာ အဓိကအလုပ်ဖြစ်သည်။ ပညာသင်ကြားသည်မှာလည်း အတန်းအောင်ရေးအတွက်သာမဟုတ်။ အသိပညာ ဗဟုသုတများကို ဖွေရှာရန်ဖြစ်သည်။ ထိုအသိပညာများကို အခြေခံ၍ ဆင်ခြင်ပိုင်းခြား ဆုံးဖြတ်နိုင်သည့် အသိဉာဏ်များ တိုးပွားလာရေးဖြစ်သည်။ ထိုဉာဏ်ပညာဖြင့် ဘဝအဆင့်ဆင့်ကို မြင့်သထက်မြင့်အောင် တက်လှမ်းနိုင်ရေးဖြစ်သည်။ ထိုပညာသည်ကား အမျိုးသားပညာရေးဖြစ်သည်။ စစ်ကျွန်ပညာရေး မဟုတ်ပေ။ ယနေ့မြန်မာ့ပညာရေး သင်ရိုးများသည် ကလေးငယ်များ အနာဂတ်ကို မျှော်တွေး၍ ဂျပန်အစိုးရနှင့် ယခင်အစိုးရများ ပူးပေါင်းရေးဆွဲထားသည့် အမျိုးသားပညာရေးဖြစ်သည်။

ထိုပညာဖြင့် ကလေးသူငယ်၊ လူငယ်လူရွယ်များ အနာဂတ်ကို တောက်ပြောင်အောင် သင်ကြား၊ သင်ယူကြရမည်ဖြစ်သည်။ ယနေ့ကမ္ဘာကို ပညာဖြင့်တည်ဆောက်နေသည်။ အချိန်နှင့်အမျှ တိုးတက်နေမှုများကို ပညာဖြင့် အမီလိုက်နေရသည်။ အချိန်နှင့် အမျှ တရံမလပ် ပညာဆည်းပူးနေရသည်။ ဆည်းပူးနေမှ တစ်နေ့တခြား တိုးတက်လာမည်ဖြစ်သည်။ ပညာရှာချိန်အရွယ်တွင် ပညာမရှာပါက အရွယ်လွန်မှ နောင်တရတတ်သည်။ ပညာမရှာ၊ ပညာမဲ့ပါက အကျိုးရလဒ်ကို လောက၌ ဒိဋ္ဌဓမ္မကြုံရတတ်သည်။ ပညာရှိခြင်း/ပညာမဲ့ခြင်း အကျိုးရလဒ်များမှာ များလှ၏။ ပညာရှိများ သတိပေးဆုံးမစကား အမျိုးမျိုးရှိသည့်အနက် မန်လည်ဆရာတော်ဘုရားကြီး၏ ဆုံးမစကားမှာ မှတ်သားစရာဖြစ်၏။

### အသိပညာကင်းမဲ့သူ

ပညာမသင်၊ ပညာသင်လျှင်လည်း ပညာမဆင်ခြင်၊ ပညာမတွေးတော၊ ပညာမဲ့ သူတို့သည် ရှေ့နောက် မဆင်ခြင်၊ မြော်မြင်မတွေးတောဘဲ ပြုလုပ်တတ်ပုံကို ဆင်ကန်းတောတိုးကဲ့သို့ ဖြစ်တတ်ကြောင်း **"ပညာမဲ့မျိုး၊ ဆင်ကန်းတောတိုးသို့"** သတိပေးညွှန်ပြထားသည်။ အသိပညာကင်းမဲ့သူတို့သည် အချိန်ကာလ၊ နေရာဒေသကို မကြည့်ဘဲ ထင်မိထင်ရာ ပြုမူတတ်ပုံကို မြို့ပြပြည်ရွာနှင့် ဝေးကွာသော တောကြက်တို့သည် နေ့ညအချိန်အခါမသိဘဲ မိမိတွန်လိုသည့်အချိန်တွင် အတောင်ပံရိုက်ခတ် တွန်တတ်ကြပုံနှင့် ခိုင်းနှိုင်းကာ **"ပြည်ရွာမနီး၊ ကြီးသည့်ကြက်ကို၊ နေ့ညကိုလျှင်၊ ဗဟိုရ်မသိ၊ တွန်မိတွန်ရာ၊ တွန်တတ်စွာသို့"**ဟု ရေးဖွဲ့၍ အသိပညာကင်းမဲ့သူ၏ ပြုမူတတ်ပုံကို အသိပေးခဲ့သည်။

ယနေ့ပညာရေးသည်တွေးတောဆင်ခြင်တတ်မှုကို အခြေခံသည့် ပညာရေးစနစ်သစ်ဖြစ်သည်။ ပညာသင်ကြားခဲ့ကြသော်လည်း တွေးတော ဆင်ခြင်ဉာဏ်နည်းလျှင် အကျိုးမဲ့ဖြစ်တတ်သည်။ ပညာမသင်ကြားလျှင်မူ ဆိုဖွယ်ရာမရှိပြီ။ ယခုအခါ နိုင်ငံရေးကိုအကြောင်းခံ၍ ပညာမသင်ကြားနိုင်အောင် နှိုးဆော်နေကြသည်။ ဖျက်ဆီးနေကြသည်။ မျိုးဆက်သစ်လူငယ်များ၏ ပညာအညွန့်ကို ချိုးနေကြသည်။ တွေးတော ဆင်ခြင်ဉာဏ်ကို အခြေခံသည့် ပညာမသင်ကြားပါက အချိန်အခါမသိ၊ လေလွင့်သည့်နယ်၊ တောရောက် တောင်ရောက်ဖြစ်ကြလိမ့်မည်။ ထင်မိထင်ရာ ဆင်ကန်းတောတိုး ပြုလုပ်ကြပေလိမ့်မည်။အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။

**● ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အရေးဖြစ်သည်။ တာဝန်ဖြစ်သည်။ ကုလသမဂ္ဂချမှတ်ထားသော ကလေးသူငယ်များအခွင့်အရေးတွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်သည် ထိပ်ဆုံးမှပါဝင်သည်။ ကျောင်းမတက်ရေးတားမြစ်ခြင်းသည် ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေး Article 28, 29 ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအမျိုးသားပညာရေးစနစ်သစ်ကို UNICEF တွင် မှတ်ပုံတင်ထားသည်။ UNICEF ကိုယ်တိုင်ကလည်း မြန်မာနိုင်ငံ၏ ပညာရေးတွင် ပါဝင်ကူညီခဲ့**

### မြန်မာနိုင်ငံပညာရေး

ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အရေးဖြစ်သည်။ တာဝန်ဖြစ်သည်။ ကုလသမဂ္ဂက ချမှတ်ထားသော ကလေးသူငယ်များ အခွင့်အရေးတွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်သည် ထိပ်ဆုံးမှ ပါဝင်သည်။ ကျောင်းမတက်ရေး တားမြစ်ခြင်းသည် ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေး Article 28, 29 ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသားပညာရေးစနစ်သစ်ကို UNICEF တွင် မှတ်ပုံတင်ထားသည်။ UNICEF ကိုယ်တိုင်ကလည်း မြန်မာနိုင်ငံ၏ ပညာရေးတွင် ပါဝင်ကူညီခဲ့သည်။

NLD သည် အစိုးရဖြစ်ခဲ့စဉ် မကြာသေးမီ ၂၀၁၉ ခုနှစ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားသည်။ ၎င်းအစိုးရဟောင်းကိုယ်တိုင် ပြဋ္ဌာန်းထားခဲ့သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဥပဒေ အခန်း (၁၃) တွင် ပညာရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းထားသည်။ ကမ္ဘာ့ကုလသမဂ္ဂကလည်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် UNCRC ကို ယခင်မြန်မာအစိုးရကိုယ်တိုင် လက်မှတ်ရေးထိုးထားသည်။ ကုလသမဂ္ဂ သဘောတူညီချက်နှင့်အညီ ကလေးသူငယ်များအား ပညာသင်ကြားရေးနှင့် ပတ်သက်၍ နှစ်စဉ်အစီရင်ခံစာတင်ပြရသည်။ ပညာသင်ကြားခွင့်မပေးပါက အရေးယူခွင့်ရှိသည်။

### ကလေးသူငယ်အရေး

ကလေးသူငယ် အခွင့်အရေးများအနက် ထောက်ပံ့မှုတွင် ကလေးသူငယ်များ၌ ပြည့်စုံလုံလောက်သော နေထိုင်မှု၊ အဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားရေး ဝန်ဆောင်မှုများနှင့် ဆော့ကစားခွင့်တို့ရရှိရန် အခွင့်အရေးများရှိသည်။ သင့်တင့်မျှတသော စားသောက်မှု၊ နွေးထွေးသောအိပ်ရာနှင့် ကျောင်းတက်ရန် အခွင့်အလမ်းများရှိသည်။ ကာကွယ်မှုတွင် ကလေးသူငယ်များအား မတော်မတရားပြုခြင်း၊ လျစ်လျူရှုခြင်း၊ အသုံးချအမြတ်ထုတ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့မှ ကာကွယ်ရန် အခွင့်အရေးရှိသည်။ ပါဝင်မှုတွင် စာကြည့်တိုက်များနှင့် လူမှုအဖွဲ့အစည်း အစီအစဉ်များ၊ လူငယ့်အသံလှုပ်ရှားမှုများတွင် ကလေးသူငယ်များ ပါဝင်လှုပ်ရှားမှုနှင့် ကလေးသူငယ်များသည် ဆုံးဖြတ်ချက်ချသူများအဖြစ် ပါဝင်ပတ်သက်သည်။

ထို့ကြောင့် ကျောင်းနေအရွယ် ကလေးသူငယ် အခွင့်အရေးများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ကလေးသူငယ်များ ပညာသင်ကြားရေးမှအစ ကလေးသူငယ်များ ဖွံ့ဖြိုးရေးကိစ္စအဝဝတို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ လက်တွေ့လည်း ဖြည့်ဆည်းပေးလျက်ရှိသည်။ ကုလသမဂ္ဂသာမက နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် ကလေးသူငယ်များ ပညာသင်ကြားရေး၊ ဖွံ့ဖြိုးရေးကို အားပေးနေသည့်အချိန်တွင် ကလေးသူငယ်များ အသိဉာဏ်ပညာသာမက အစစအရာရာ ဖွံ့ဖြိုးလာရေးတွင် အဓိကကျသည့် ပညာသင်ကြားရေးကို အားမပေးသည့်အပြင် နှောင့်ယှက်ဖျက်ဆီးနေမှုများကို တားဆီးကြရမည်ဖြစ်သည်။ အသိပညာနုံနည်းပြီး အနာဂတ်ပျက်စီးမည့် နိုင်ငံအဖြစ်သို့ မရောက်ရှိရေးမှာ အားလုံးတွင်တာဝန်ရှိသည်။

### ဘေးရန်ကာဆီးပေး

ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာသင်ကြားရေးကို နှောင့်ယှက်ဖျက်ဆီးခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များ၏အနာဂတ်၊ နိုင်ငံ၏ အနာဂတ်ကို ဖျက်ဆီးခြင်းသာဖြစ်သည်။ အဓမ္မဝါဒီသမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို ပြန်လည်အစားထိုး ဖြည့်ဆည်းနိုင်သော်လည်း ပညာသင်ကြားရေး ဆုံးရှုံးမှုမှာ အစားထိုးမရနိုင်၍ နစ်နာလှသည်။ နိုင်ငံရေးမှိုင်းမိ၍ ပညာရေးကို ကျောခိုင်းသွားသော ဆရာ၊ ဆရာမများအနေဖြင့် ဆရာ့ကျင့်ဝတ်ကို သတိရစေချင်ပါသည်။ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"ဆိုသကဲ့သို့ တပည့်များပေါ်တွင် ပညာသင်ကြားရေးသာမက ကောင်းရာညွှန်ပြ၊ ဘေးရန်ကာဆီးပေးရန်လည်း လိုအပ်ပါသည်။

### ပညာရေးနှင့်မဝေး

နိုင်ငံရေးလွှမ်းမိုးမှု၊ နိုင်ငံရေးလှည့်ဖြားမှုဖြင့် ဆရာ့ဂုဏ်ရည်ကို ပစ်ပယ်ခဲ့ကြ၊ ကျောင်းသားကျောင်းသူလေးများကို ပစ်ပယ်ခဲ့ကြသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။ ပညာကို ချက်ချင်းတည်ဆောက်၍မရဘဲ အချိန်များစွာ၊ အခါမလပ် ကြိုးပမ်းတည်ဆောက်ရပါသည်။ ဆင်ခြင်တုံတရား၊ အမြော်အမြင် မြင့်မားသောပညာကို မတည်ဆောက်နိုင်ခဲ့သည့်အတွက် ယခုလိုအဖြစ်မျိုးကြုံရသည်ဟုလည်း မှတ်ယူပါသည်။ ယနေ့ဖြစ်ပျက်ခဲ့ကြသည်မှာ လောကဓံတရားဟု မှတ်ယူသင့်အပ်ပေသည်။ အပြစ်ကင်းစင်သော ပညာသင်ကြားကြရမည့် ကျောင်းသူ ကျောင်းသားလေးများ ပညာရေးနှင့်မဝေးအောင် အားထုတ်အပ်ပေသည်။

ဆရာ ဆရာမများသည် မိမိတို့၏ အာစရိယဂုဏ်ကိုထိန်း၍ တပည့်များအပေါ် စေတနာ၊ မေတ္တာ၊ အကြင်နာ၊ ကရုဏာမိုးများ ရွာသွန်းဖြိုး၍ အသိဉာဏ်ဆင်ခြင်ဉာဏ် မြင့်မားပြီး အေးချမ်းစွာ ပညာသင်ကြားရေးကို ဆောင်ကြဉ်းပေးရပေလိမ့်မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ဘေးရန်ကာဆီးပေးပေလိမ့်မည်။ အေးချမ်းစွာ ပညာသင်ကြားရေးကို နှောင့်ယှက်ထိပါးသော အတွင်းရန်၊ အပြင်ရန်တို့ကို မမိုတ်မသုန် ဝိုင်းဝန်း တားဆီးကာကွယ်ပေးမှ နိုင်ငံ့သားကောင်း ပီသပေမည်။ ကျောင်းမနေရန် အားပေးခြင်းသည် မိမိကလေးငယ်ဘဝကို မိမိကိုယ်တိုင်ဖျက်ဆီးခြင်းပင် ဖြစ်သည်။ စိုးရိမ်ပူပန်နေသော မိဘများကိုလည်း နားလည်စာနာပါသည်။

### ပထမအရွယ်ပညာရှာ

လူမှုဘဝနယ်ပယ်တွင် ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယ အရွယ်မှာ တရားရှာဟူသော ရှေးလူကြီးသူမများ၏ ဆိုရိုးစကားနှင့်အညီ ပညာသင်ကြားရေးဆိုသည်မှာ ပထမအရွယ်တွင်ပင် အချိန်အခါမလင့်အောင် ဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်ပါသည်။ ပညာရေးတွင် မိဘအုပ်ထိန်းသူများမှာ အဓိကဖြစ်ပါသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များမှာ ပတ်ဝန်းကျင်၏ လှုံ့ဆော်မှုအတိုင်း လိုက်ပါကြရပါသည်။ ကလေးငယ်များမှာ မွန်းကျပ်နေသောဘဝမှ လွတ်မြောက်ကာ ကျောင်းတက်ချင်နေကြသည်ကို တွေ့ရပါသည်။ သူငယ်ချင်း၊ အပေါင်းအသင်း၊ ဆရာ၊ ဆရာမများနှင့်အတူ ကျောင်းတော်ကြီးတွင် ပျော်ရွှင်စွာ ပညာသင်ကြားနေကြပြီဖြစ်ရာ "ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း" ဆိုသို့ တူပြိုင်ပြိုင် ဆိုကြတော့မည်ဖြစ်ပါကြောင်း။ ။

**■ ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာသင်ကြားရေးကို နှောင့်ယှက်ဖျက်ဆီးခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များ၏အနာဂတ်၊ နိုင်ငံ၏အနာဂတ်ကို ဖျက်ဆီးခြင်းသာဖြစ်သည်။ အဓမ္မဝါဒီသမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို ပြန်လည်အစားထိုးဖြည့်ဆည်းနိုင်သော်လည်း ပညာသင်ကြားရေး ဆုံးရှုံးမှုမှာ အစားထိုးမရနိုင်၍ နစ်နာလှသည်။ နိုင်ငံရေးမှိုင်းမိ၍ ပညာရေးကိုကျောခိုင်းသွားသော ဆရာ ဆရာမများအနေဖြင့် ဆရာ့ကျင့်ဝတ်ကို သတိရစေချင်ပါသည်။ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ သင့်ရာအပ်ဖို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသကဲ့သို့ တပည့်များပေါ်တွင် ပညာသင်ကြားရေးသာမက ကောင်းရာညွှန်ပြ၊ ဘေးရန်ကာဆီးပေးရန်လည်း လိုအပ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အစိုးရဓမ္မာစရိယစာမေးပွဲသို့ ကြွရောက်ကြီးကြပ်တော်မူကြသည့် ဆရာတော်ကြီးများနှင့် စာဖြေသံဃာများအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇွန် ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနဗိမာန်တော်ကြီးတွင် အစိုးရဓမ္မာစရိယ စာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များကို ဖူးမြော်ကြည်ညိုသည်။ **(ယာပုံ)**

ရှေးဦးစွာ အစိုးရဓမ္မာစရိယ စာမေးပွဲ ပျဉ်းမနားစာဖြေဌာန ကြီးကြပ်ရေး ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အစိုးရအနေဖြင့် ပရိယတ္တိသာသနာတော်ဆိုင်ရာ စာမေးပွဲများကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဆုံးဖြတ်ချက်ဩဝါဒနှင့်အညီ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) စာမေးပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုအစိုးရ ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စာဖြေဌာနများတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပလျက်ရှိပါကြောင်း၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဆုံးဖြတ်ချက်ဩဝါဒနှင့်အညီ နိကာယ်စာမေးပွဲများကိုလည်း မကြာမီ ဇွန်လတတိယပတ်တွင် ကျင်းပမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။ ဆက်လက်၍ အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုတော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည် ဖူးမြော်ကြည်ညိုသည်။



ယနေ့ကျင်းပသော မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ ခရစ်နှစ် ၂၀၂၁ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲ၊ ပါရာဇိက ကဏ္ဍ ပါဠိ အဋ္ဌကထာ (၁)ဘာသာကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားစာဖြေဌာနနှင့် တပ်ကုန်းစာဖြေဌာနတို့၌ စာဖြေသံဃာတော် ၂၉၇ ပါး၊ သီလရှင် ၃၁ ပါးနှင့် လူပုဂ္ဂိုလ် ၁ ဦး၊ စုစုပေါင်း ၃၂၉ ပါး/ဦးတို့ ဝင်ရောက် ဖြေဆိုတော်မူကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကျောက်ဆည်စက်မှုနယ်မြေအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မေ ၃၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ သောက်ရေသန့်စက်ရုံခွဲသို့ ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။**



တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရပ်နားထားသည့် စက်ရုံများကို ပြန်လည်လည်ပတ်နိုင်ရေးအတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများတွင် ရင်းနှီးလုပ်ကိုင်နေသူများကိုလည်း အားပေးမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိစက်ရုံများ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ကြောင်း၊ ရပ်နားထားသောစက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်ခန်းမ၌ ကျောက်ဆည်စက်မှုနယ်မြေရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်)၌ ဘိလပ်မြေများ ထုတ်လုပ်နေမှုကို လည်းကောင်း၊ အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်)၌ ပိတ်များရက်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** စက်ရုံပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေး အထောက်အကူပြုမည့် သစ်ပင်များကို နှစ်စဉ် စီမံချက်ပြုလုပ်စိုက်ပျိုးသွားရန်နှင့် စက်ရုံများမှထွက်ရှိသည့် ရေဆိုးများကို စနစ်တကျ သန့်စင်ပြီးမှသာ စွန့်ပစ်ခြင်းပြုလုပ်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာသည့်အတွက် မလေးရှားနိုင်ငံတွင် တစ်နိုင်ငံလုံးအဆင့် ကန့်သတ်ပိတ်ဆို့မှုများချမှတ်



ယာယီစစ်ဆေးရေးဂိတ်တစ်ခုတွင် သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးမှုများ ပြုလုပ်နေစဉ်။

**ကွာလာလမ်ပူ ဇွန် ၁**

မလေးရှားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တိုးလာသည့်အတွက် သီတင်းပတ်နှစ်ပတ်ကြာ ဒုတိယအကြိမ် တစ်နိုင်ငံလုံး ကန့်သတ်ပိတ်ဆို့မှုများကို ဆောင်ရွက်ခဲ့သည်။

မလေးရှားနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်သည် မေလလယ်မှစကာ လျင်မြန်စွာ မြင့်တက်လာရာ လတ်တလောတွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပမာဏသည် ၉၀၀၀ ကျော်လွန်လာပြီ ဖြစ်သည်။ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကြောင့် ယခုလို ကူးစက်မှုမြင့်လာသည်ဟု ယူဆရသည်။

မရှိမဖြစ်ဆောင်ရွက်ရမည့် ဈေးဝယ်ကုန်တိုက်နှင့် ဘဏ်ကဲ့သို့သော စီးပွားရေးလုပ်ငန်းများမှလွဲ၍ စီးပွားရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ဇွန် ၁၄ ရက်အထိ ရပ်ဆိုင်းလိုက်သည်။ မရှိမဖြစ် လုပ်ဆောင်ရမည့် နေ့စဉ်လိုအပ်ချက်များဝယ်ယူရန်နှင့် ဆေးရုံသွားရေးစသည့် အရေးကြီးကိစ္စမှလွဲ၍ ပြည်သူများကို အပြင်ထွက်ခြင်းမပြုရန် တားမြစ်ထားသည်။

မြို့တော်ကွာလာလမ်ပူတွင် အဓိကဈေးဝယ်နေရာများကို ပိတ်ထားသည်။ လူအနည်းငယ်ကိုသာ လမ်းမပေါ်တွင် တွေ့မြင်နိုင်သည်။ ရဲဝန်ထမ်းများသည် ယာယီစစ်ဆေးရေးဂိတ်များတွင် ယာဉ်များကို ရပ်တန့်၍ ယာဉ်မောင်းများကို ဘာကြောင့် အပြင်ထွက်လာသလဲဆိုပြီး မေးမြန်းစစ်ဆေးလျက်ရှိသည်။ ထိုသို့ လုပ်ဆောင်ချက်များသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရာတွင် ကူညီသွားမည်ဟု ဘဏ်ဝန်ထမ်းတစ်ဦးက ပြောသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို မကြာမီ ထိန်းချုပ်သွားနိုင်ရန် ၎င်းက မျှော်လင့်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ၂၀၂၀ ပြည့်နှစ်အတွင်း အိန္ဒိယနိုင်ငံ၏စီးပွားရေး သိသိသာသာကျဆင်း

**နယူးဒေလီ ဇွန် ၁**


နယူးဒေလီသို့ပြန်လာကြသည့် ရွှေ့ပြောင်းလုပ်သားများကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ပြီးခဲ့သည့်နှစ် မတ်လမှစတင်ကာ ကိုဗစ် - ၁၉ ကန့်သတ်ချက်များကြောင့် စီးပွားရေးကျဆင်းသွားသည်ဟုသိရသည်။ လွန်ခဲ့သည့်နှစ်များကနှင့် နှိုင်းယှဉ်လျှင် ၂၀၂၀ ဘဏ္ဍာနှစ်အတွက် တိုင်းပြည်ဂျီဒီပီ ၇ ဒသမ ၃ ရာခိုင်နှုန်းမှာ ကျသွားသည်ဟု အစိုးရက ဇွန် ၁ ရက်တွင် ပြောသည်။

ကဏ္ဍအသီးသီးတွင် ထုတ်လုပ်မှုစွမ်းအားများ လျော့ကျသွားခြင်းဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ထုတ်လုပ်ရေး လုပ်ငန်းတို့တွင် ကျဆင်းသွားခြင်း ဖြစ်သည်။ ၂၀၂၀ပြည့်နှစ် မတ်လအတွင်းမှ စတင်ကာ ကိုဗစ် -၁၉ ကာလ အသွားအလာ ကန့်သတ်မှုများ စတင် ပြုလုပ်ခဲ့သည့်အတွက် စီးပွားရေးလုပ်ငန်းများ ရပ်တန့်သွားခဲ့ရသည်။ ယခုဘဏ္ဍာနှစ်အတွင်း တိုင်းပြည်စီးပွားရေးမှာ ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ဗဟိုဘဏ်က မျှော်မှန်းထားသည်။

မေလအတွင်း အိန္ဒိယနိုင်ငံ၏ကိုဗစ် -၁၉ ကူးစက်မှုများမှာ လေးသိန်းကျော်အထိ ဖြစ်လာခဲ့ပြီး တိုင်းပြည်တစ်ဝန်း ပိတ်ဆို့ကန့်သတ်မှုများ ရုတ်ခြည်းဖြစ်ပေါ်လာခဲ့သည်။ အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယမြောက်ကူးစက်မှုအများဆုံးနိုင်ငံဖြစ်သည်။ ကူးစက်မှုများကြောင့်စီးပွားရေးပေါ်တွင်သက်ရောက်မှုရှိလာမည်ကို စိုးရိမ်နေကြရသည်။ **အင်န်အိတ်ချ်ကေ**

## ပြီးခဲ့သည့်သီတင်းပတ်အတွင်း တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၅၀၀ နီးပါးကို လစ်ဗျားကမ်းရိုးတန်းတွင် ကယ်တင်နိုင်ခဲ့

**ထရီပိုလီ ဇွန် ၁**

ပြီးခဲ့သည့်သီတင်းပတ်အတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၅၀၀ နီးပါးကို လစ်ဗျားကမ်းရိုးတန်းတွင် ကယ်တင်နိုင်ခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့အစည်းက မေ ၃၁ ရက်တွင် ပြောသည်။

မေ ၂၃ ရက်မှ ၂၉ ရက်အတွင်း ရွှေ့ပြောင်းနေထိုင်သူ ၄၉၅ ဦးကို ပင်လယ်ပြင်အတွင်း ကြားဖြတ်ကယ်တင်နိုင်ခဲ့ပြီး လစ်ဗျားသို့ ပြန်ပို့ပေးခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းက ပြောသည်။ မြေထဲပင်လယ်ကိုဖြတ်ကျော်ရင်း သေဆုံးသူ ၁၇၃ ဦး ရှိပြီး ၄၅၉ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အဆိုပါအဖွဲ့အစည်းက ပြောသည်။ လစ်ဗျားနိုင်ငံတွင် ၂၀၁၁ ခုနှစ်က မွမ်မာကဒါဖီကို ဖြုတ်ချပြီးနောက် နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်လာခဲ့သည်။ သို့သော်လည်း လစ်ဗျားနိုင်ငံသည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအတွက် ဥရောပကမ်းခြေများသို့ ရောက်ရှိနိုင်ရေး အဓိကသွားလာရာနေရာတစ်ခု ဖြစ်နေဆဲဖြစ်သည်။

ကယ်ဆယ်ခြင်းခံရသည့် ရွှေ့ပြောင်းနေထိုင်သူများမှာလည်း လစ်ဗျားနိုင်ငံတစ်လွှား လူများပြည့်ကျပ်နေသည့် စင်တာများတွင် ကုန်ဆုံးရတော့မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမှ အဆိုပါစင်တာများကိုပိတ်ပစ်ရန် တောင်းဆိုနေကြသော်လည်း ဆက်လက်ဖွင့်ထားဆဲဖြစ်သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့မှ ဝင်ရောက်လာမည့်ခရီးသွားများကို ဂျပန်နိုင်ငံက ပြည်ဝင်ခွင့်တင်းကျပ်မှုများပြုလုပ်သွားမည်



**တိုကျို ဇွန် ၁**

ဂျပန်အစိုးရက ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုပျံ့နှံ့လာမည်ကို စိုးရိမ်သည့်အတွက် ၎င်း၏နယ်စပ်ထိန်းချုပ်မှုများပြုလုပ်သွားရန် စီစဉ်ထားသည်။

ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့မှ လာမည့်သူများကို ဂျပန်နိုင်ငံသို့ ဆိုက်ရောက်ပြီးနောက် အစိုးရက စီစဉ်ပေးထားသည့်နေရာများတွင် ခြောက်ရက်နေထိုင်ရန် တောင်းဆိုသွားမည်ဟု အစိုးရသတင်းအရင်းအမြစ်က မေ ၃၁ ရက်တွင် ပြောသည်။

အာဖဂန်နစ္စတန်မှလာမည့်သူများကို အသွားအလာ ထိန်းသိမ်းစောင့်ကြည့်ရေးစင်တာတွင် ၁၀ ရက်ထားရှိမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု အချို့နေရာများနှင့် ထိုင်းနိုင်ငံတို့မှ လာမည့်သူများကို သုံးရက် အသွားအလာကန့်သတ်သွားမည်ဟု သိရသည်။

ဂျပန်နိုင်ငံသည် နိုင်ငံနှင့်ဒေသပေါင်း ၁၅၉ ခုတို့အပေါ်တွင် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုပြုလုပ်ထားပြီး နိုင်ငံခြားသားများ ပြည်ဝင်ခွင့်ကိုလည်း ကန့်သတ်ထားသည်။ **အင်န်အိတ်ချ်ကေ**

## ဟန္နိုင်းမြို့ရှိ လေဆိပ်တွင် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများ ပျံသန်းမှုကို ဆိုင်းငံ့

**ဟန္နိုင်း ဇွန် ၁**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသွားများလက်ခံမှုကို ဆိုင်းငံ့သွားမည်ဟု ဗီယက်နမ်နိုင်ငံ၏ပြည်သူ့လေကြောင်းထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့က ပြောသည်။ တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ကူးစက်မှုများကြောင့် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဇွန် ၇ ရက်မတိုင်မီအထိ အပြည်ပြည်ဆိုင်ရာလေကြောင်းပျံသန်းမှုကို ဆိုင်းငံ့သွားမည်ဖြစ်သည်။

ဗီယက်နမ်တောင်ပိုင်း တန်ဆွန်နက် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ပြေးဆွဲမှုကို ဆက်လက်ဆိုင်းငံ့သွားရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါလေဆိပ်တွင် လေယာဉ်ပြေးဆွဲမှုကို မေ ၂၇ ရက်မှ ဇွန် ၁၄ ရက်အထိ ဆိုင်းငံ့ထားသည်။ ပြီးခဲ့သည့် မေ ၂၅ ရက်အတွင်း ဟန္နိုင်းမြို့တွင် စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များနှင့် ဆံပင်ညှပ်ဆိုင်များကို ပိတ်ထားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

# မွန်ပြည်နယ်အတွင်း ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် သီးခြားစီလိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင်ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်တက္ကသိုလ်သို့သွားရောက်၍ တက္ကသိုလ်ဘက်စုံခန်းမတွင် ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကိုတွေ့ဆုံကာ သင်ကြားရေးဆရာ၊ ဆရာမများအား ဘွဲ့ဒီဂရီအဆင့်အလိုက် ချီးမြှင့်ပေးအပ်သွားရေး၊ ရေမီးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည်လည်း မော်လမြိုင်မြို့ ပြည်သူ့ကျန်းမာရေးခေတ်ခွဲဌာနသို့ သွားရောက်၍ ကိုဗစ်-၁၉ ခေတ်ခွဲစမ်းသပ်စစ်ဆေးနေမှုများနှင့် ခုတင် -၅၀၀ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန်လိုအပ်သည်များကို မှာကြားသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မော်လမြိုင်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ပြည်နယ်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားခဲ့ပြီး ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးထပ်အဆောက်အဦ ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ အခြေခံပညာကျောင်းများဖွင့်လှစ်မှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများကို ယနေ့ ဇွန် ၁ ရက်မှစတင်၍ တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်းတို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကာ သင်ကြားသင်ယူမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး **(အပေါ်ပုံ)** ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားကြသည်။

ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား Face Shield နှင့် Mask များကို လည်းကောင်း၊ ကျောင်းသုံး ဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများကို လည်းကောင်း အခမဲ့ ဖြန့်ဝေကာ ယနေ့ ဇွန် ၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းရှိ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စွာ ကျောင်းတက်ရောက်လျက်ရှိကြပြီး ဆရာ ဆရာမများကလည်း ကျောင်းနှင့် တစ်နှစ်ကျော်ကြာအောင် ဝေးကွာခဲ့ရသော အတန်းများနှင့် ယမန်နှစ်က တစ်လကျော်ကြာ သင်ယူခဲ့ရသော အထက်တန်းများတွင်ပါ ကျောင်းသင်ခန်းစာများကို အစမှ စတင်သင်ကြားပေးကြကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ဖြူးချောင်းရေလှောင်တမံသို့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် ရေသောက်စနစ်ပြီးစီးပါက စုစုပေါင်း ဧက ၂၉၈၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်

**နေပြည်တော် ဇွန် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် မေ ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး ဖြူးချောင်းရေလှောင်တမံသို့စစ်ဆေး၍ တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ **(အောက်ပုံ)**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ဆည်ရေသောက်စနစ်တစ်ခုလုံး၏ ၃၉ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးခဲ့သဖြင့် ဆည်ရေပေးဝေနိုင်မည့်ဧရိယာ ဧက ၉၀၀၀၀ အနက် ဧက ၂၃၃၀၀ ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် ရေသောက်စနစ်ပြီးစီးပါက စုစုပေါင်း ဧက ၂၉၈၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒိုက်ဦးမြို့နယ် ဗျက်ကလေးကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများမှ အိမ်ခြေ ၁၆၇ အိမ် လူဦးရေ ၈၇၅ ဦးတို့ကို အကျိုးပြုပေးနိုင်မှုတို့ကိုလည်းကောင်း၊ ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာရှိ ပုဂ္ဂလိက ဝက်မွေးမြူရေးခြံကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲသို့ရောက်ရှိကြကာ ခေတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းခန်းမတွင် တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ဇွန် ၁ ရက်က နေပြည်တော် ဥတ္တရသီရိတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ/စစ်သည် မိသားစုဝင်များကို ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာ နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်ထောင်စုနယ်မြေ ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးစဉ်။

အောင်ကို(ပြန်/ဆက်)

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းနှစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၁**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများ ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၂၈၉၂၄ ဦးနှင့် အတွင်းလူနာပေါင်း ၆၈၇၈၃ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၀၆၇၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၄၄၉ ဦး၊ စုစုပေါင်း ၁၆၁၂၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၄၅၉ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၉၇၃ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၃၄၃၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၂ ဦး တွေ့ရှိ

## (၁–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၁–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၀၁၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၂၃,၄၂၉) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၇၅၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၃၆၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၂၈) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၄) ခု | (၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၆) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၈) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၂) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၆၀) ခု | (၆၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၂၀) ခု | (၃၇) ဦး |
| စုစုပေါင်း | (၂,၀၁၆) ခု | (၁၂၂) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန


## ၁-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၁၁၃၁၄၆ | ၂၇၈၆၃၈၄၀ | ၆၀၉၇၆၇ |
| ၂။ | အိန္ဒိယ | ၂၈၀၇၅၀၄၄ | ၂၅၉၄၇၆၂၉ | ၃၃၁၉၀၉ |
| ၃။ | ဘရာဇီး | ၁၆၅၄၇၆၇၄ | ၁၄၉၆၄၆၃၁ | ၄၆၂၉၆၆ |
| ၄။ | ပြင်သစ် | ၅၆၆၇၃၂၄ | ၅၃၃၃၅၉၇ | ၁၀၉၅၂၈ |
| ၅။ | တူရကီ | ၅၂၄၉၄၀၄ | ၅၁၁၄၆၂၄ | ၄၇၅၂၇ |
| ၆။ | ရုရှား | ၅၀၈၁၄၁၇ | ၄၆၉၃၅၇၉ | ၁၂၁၈၇၃ |
| ၇။ | ဗြိတိန် | ၄၄၈၇၃၃၉ | ၄၂၈၉၄၈၆ | ၁၂၇၇၈၂ |
| ၈။ | အီတလီ | ၄၂၁၇၈၂၁ | ၃၈၅၈၀၁၉ | ၁၂၆၁၂၈ |
| ၉။ | အာဂျင်တီးနား | ၃၇၈၁၇၈၄ | ၃၃၅၀၆၀၂ | ၇၈၀၉၃ |
| ၁၀။ | ဂျာမနီ | ၃၆၈၉၉၁၈ | ၃၄၉၈၄၀၀ | ၈၉၁၄၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၂၆၅၂၇ | ၁၆၇၄၄၇၉ | ၅၀၇၂၃ |
| ဖိလစ်ပိုင် | ၁၂၃၅၄၆၇ | ၁၁၆၁၂၅၂ | ၂၁၀၁၂ |
| မလေးရှား | ၅၇၉၄၆၂ | ၄၉၆၁၂၁ | ၂၈၆၇ |
| ထိုင်း | ၁၆၂၀၂၂ | ၁၁၇၃၅ | ၁၀၆၉ |
| မြန်မာ | ၁၄၃၇၅၁ | ၁၃၂၃၆၀ | ၃၂၁၇ |
| စင်ကာပူ | ၆၂၀၆၉ | ၆၁၄၅၉ | ၃၃ |
| ကမ္ဘောဒီးယား | ၃၀၇၁၀ | ၂၃၃၈၉ | ၂၂၀ |
| ဗီယက်နမ် | ၇၅၇၂ | ၃၀၄၃ | ၄၇ |
| လာအို | ၁၉၁၂ | ၁၅၄၃ | ၃ |
| ဘရူနိုင်း | ၂၄၂ | ၂၂၈ | ၃ |



# ဘယ်သူဖျက်ဖျက် တို့မပျက် ပြုံးပန်းဝေစည် ကျောင်းတက်ကြပြီ

**မောင်နိုင်**



- **လွန်စွာမှ စက်ဆုပ်ရွံရှာဖွယ်ရှိတဲ့ စိတ်ဓာတ်များနဲ့ မကျေနပ်ချက်တွေကို ရှေ့တန်းတင်ပြီး ကလေးလူငယ်ကျောင်းသားတွေ ပညာသင်ကြားဖို့အရေး နည်းမျိုးစုံနဲ့နှောင့်ယှက်မှုမှန်သမျှကို မိဘ၊ ဆရာ၊ ရပ်ရွာလူထုနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးကြရမှာ ဖြစ်ပါတယ်။**
- **မိဘတိုင်းကလည်း ကျောင်းနေအရွယ် သားငယ် သမီးငယ်တွေကို ဘယ်သူဖျက်ဖျက် မပျက်ဘဲ ကျောင်းသို့ ပို့ပေးကြဖို့လိုပြီး ကျောင်းသား ကျောင်းသူ လူငယ်တွေကလည်း ဘယ်သူဖျက်ဖျက်မပျက်ဘဲ အပြုံးပန်းတွေနဲ့ ကျောင်းတက်ကာ ပညာသင်ကြားကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိတဲ့ ပညာတတ်လူတော်လူကောင်းများ နိုင်ငံမှာ ပြည့်ဝလာမှာ ဖြစ်ပါတယ်”**

မြန်မာနိုင်ငံရဲ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တဲ့ ဇွန်လ ၁ ရက်နေ့မှာ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ကြတဲ့ သတင်းတွေကို အွန်လိုင်းစာမျက်နှာတိုင်းလိုလိုမှာ မြင်တွေ့ဖတ်ရှုရတာ လွန်စွာ မင်္ဂလာရှိလှပါဘိ။

ဖတ်ရှုမိတာတွေအထဲက ကောက်နုတ်ဖော်ပြရရင် တိုက်ကြီးမြို့မှ မူလတန်းပြဆရာတစ်ဦးက **“ခုအချိန်မှာ ကိုယ့်ကိုယ်ကိုယ် ရှေ့တန်းရောက်နေတဲ့ စစ်သည်တော်လို ခံစားရတယ်။ အဖွင့်ဂိုးကိုတော့ လှလှပပသွင်းခဲ့ပါပြီ။ ရှေ့လျှောက် တာဝန်ကျေပွန်တဲ့၊ ဆရာ ပီသတဲ့၊ ကလေးတွေအတွက် စိတ်ဓာတ်စံပြဖြစ်စေမယ့် ဆရာတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်လို့ နှလုံးသွင်းရင်း ကျောင်းဖွင့်ရက်အစကို ဂုဏ်ပြုလိုက်ပါရစေခင်ဗျာ”** ဟု ရေးသားထားမှုကို ဖတ်ရှုလိုက်ရတဲ့ မိဘတိုင်းအတွက် ယုံကြည်အားကိုးမှုကို ဖြစ်စေတဲ့အပြင် ဆရာတစ်ဦးရဲ့ တက်ကြွတဲ့ စိတ်နေစိတ်ထားကလေးစားဂုဏ်ယူစရာပင် ဖြစ်ပါတယ်။

**“ဇွန်လ ၁ ရက်နေ့ ကြောက်ကြောက်နဲ့ပဲ ကျောင်းသွားပို့ခဲ့တယ်။ ကိုယ့်လိုပဲ သားသမီးပညာရေးအတွက် အရဲစွန့်ပြီး ကျောင်းလာပို့တဲ့ မိဘတွေကို တွေ့ရတော့လည်း အားရှိခဲ့ရပြန်တယ်။ အခြေအနေကြည့်ပြီး ကျောင်းအပ်ကြမယ်ဆိုတဲ့ မိဘတွေရှိတာ သိခဲ့ရပြန်တော့လည်း ဝမ်းသာမိရပြန်တယ်။ ကလေးတွေကို စိတ်ချလက်ချထားခဲ့ပါ၊ ကျွန်မတို့ တာဝန်ယူပါတယ်ဆိုတဲ့ ဆရာမတွေနဲ့ တွေ့ခဲ့ရပြန်တော့လည်း စိတ်အေးရပြန်တယ်”**ဟု ရေးသားထားသည့် အင်းစိန်မြို့နယ်မှ မိခင်တစ်ဦးရဲ့ သားသမီးကို ကျောင်းပို့ခဲ့ရသည့် စိတ်ခံစားချက်ကလည်း ကျောင်းပို့ဖို့ မဝံ့မရဲဖြစ်နေတဲ့ အခြားမိဘတွေအတွက် အားဖြစ်စေမှာ အမှန်ပါပဲ။

### ရဲဝံ့စွာလိပ်ပြာလုံစွာ ကျောင်းတက်ပါမည်

“လုပ်သက် ၁၃ နှစ် ရှိခဲ့ပြီ။ ညကတည်းက အိပ်တစ်ဝက် နိုးတစ်ဝက်နဲ့ သတင်းတွေဖတ်ပြီး ရင်တထိတ်ထိတ်နဲ့ ကြောက်နေခဲ့မိတာ။ ကျောင်းရောက်တော့ ကျောင်းလာတဲ့ ကလေးလေးတွေနဲ့ အတူ ကိုယ်ပါ စိတ်ပေါ့ပါးအေးချမ်းသွားတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဆရာ ဆရာမများ၊ ဖြူစင်တဲ့ကလေးများနဲ့တကွ ကျရာတာဝန်ထမ်းဆောင်နေကြသူများအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ” ဟု ဆရာမလေးရဲ့ ရေးသားထားမှုက စိုးရွံ့စိတ်တွေကို တပည့်ကျောင်းသားတွေနဲ့အတူ ဖျောက်ဖျက်နိုင်ခဲ့တာကို ပေါ်လွင်စေပါတယ်။

**“အပြုံးမပျက် ကျောင်းတက်ခဲ့ပြီနော်။ နောက်နေ့တွေလည်း Uniformနဲ့ပဲ အိမ်ကနေ သွားမယ်။ ကျောင်းမတက်ရလို့ ငိုနေတဲ့ ကလေးတွေရဲ့မျက်နှာ၊ ကျောင်းတက်ရလို့ ပျော်ရွှင်နေတဲ့ ကလေးတွေရဲ့မျက်နှာ ဒါတွေကိုမြင်နေရလို့ ဒီဆရာမ ဘာကိုမှ မကြောက်၊ ရဲဝံ့စွာ လိပ်ပြာလုံစွာ ကျောင်းတက်ပါမည်”**ဟု မကွေးမှ ဆရာမလေးကလည်း ကလေးတွေကို စာသင်ကြားဖို့ မိမိကိုယ်ကိုယ်အားပေးရေးသားထားမှုကလည်း ချီးကျူးစရာပါပဲ။

**“မနက် ၇ နာရီအရောက် ကျောင်းသွားဖို့ ပြင်ဆင်ရင်း လမ်းမှာများ ဘာဖြစ်မလဲ။ ကျောင်းမှာများ ဘာဖြစ်မလဲ။ ဘယ်လိုသတင်းတွေများ ကြားရဦးမလဲ။ အတွေးပေါင်းများစွာနဲ့ ဒီနေ့လိုခံစားချက်မျိုးတစ်ခါမှ မကြုံဖူးဘူး။ ကျောင်းရောက်တော့ အဖြူအစိမ်းဝတ်ထားတဲ့ ကလေးတွေ၊ သားသမီးကို စာတတ်စေချင်လို့ ကိုယ်တိုင်ကျောင်းပို့တဲ့ မိဘတွေမြင်ရတော့ ဘာပဲပြောပြော အားတက်သွားပါတယ်”**လို့ ရောဝတီတိုင်းဒေသကြီးမှ ဆရာမတစ်ဦးရဲ့ ရေးသားထားမှုဟာ မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်တဲ့ ပညာရေးစနစ်ကို ထင်ဟပ်စေပါတယ်။

“ကိုယ်တွေကျောင်းကတော့ လခွဲကျောင်းမလို့ မနှစ်ကတော့ လူသုံးရာကျော်ပေမယ့် ဒီနှစ် တစ်ရာကျော်တော့ရှိလေရဲ့။ ဆရာမဦးရေ မလောက်တာလေးကလွဲရင် ကျန်တာအားလုံး အဆင်ပြေတယ် ပြောရမယ်။ ဒီဒေသမှာရှိတဲ့ ကိုးကန့်နဲ့ ရှမ်းအများစုက နိုင်ငံရေးထက် စီးပွားရေးကို ပိုစိတ်ဝင်စားတာကိုပဲ ကျေးဇူးတင်ရမယ်။ ဘယ်လိုပြောပြော နည်းနည်းတော့ စိတ်ချမ်းသာမိပါရဲ့” ဟု ကွမ်းလုံမြို့က ဆရာမလေးရဲ့ ရေးသားထားမှုဟာ အားလုံးတော့ အဆင်ပြေပေမယ့် ဆရာအင်အားလိုအပ်မှုကို နှိုင်းဆသိရှိနိုင်ပါတယ်။

### တစ်ပြိုင်နက် နိုင်ငံတော်သီချင်း သီဆို

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှာ နေထိုင်တဲ့ ဒေသခံတစ်ဦးကတော့ **“အထကခွဲ၊ တောင်ခင်ကျေးရွာမှာ ယနေ့ ကျောင်းစဖွင့်ပါပြီ။ ကျောင်းအုပ်ဆရာကြီးရယ်၊ ဆရာ ဆရာမတွေရယ်၊ ကျောင်းသား ကျောင်းသူတွေအားလုံး မနက် ၉ နာရီမှာ ကျောင်းတက်ခေါင်းလောင်းထိုးတာနဲ့ တစ်ပြိုင်နက် နိုင်ငံတော်သီချင်း သီဆိုနေတဲ့ မြင်ကွင်းဟာ မြင်တွေ့ကြားသိရသူအားလုံးကို ဝမ်းသာပီတိဖြစ်စေတာ အမှန်ပါပဲ။ ကျွန်တော့်မှာ သားသမီးမရှိပေမယ့် ဒီနေ့ အဆင်ပြေပြေ ကျောင်းစတင်တက်ကြတဲ့အတွက်ကြောင့် ကလေးတွေရဲ့ မိဘတွေနဲ့ ထပ်တူပျော်ရွှင်ရပါတယ်”**ဟု ကျောင်းစဖွင့်တဲ့ရက် အတွက် ခံစားချက်ကို ကြည်နူးစွာရေးသားထားပါတယ်။

**“ဒီနေ့ ကျောင်းစတက်ပါပြီ။ သူငယ်ချင်းတွေနဲ့ တွေ့ရလို့ သားသားပျော်နေပါတယ်။ ကျောင်းမှာ လုံခြုံရေးအပြည့်ရှိလို့ အေးအေးဆေးဆေးပါပဲ၊ နောက်ရက်တွေလည်း အပြုံးမပျက် ကျောင်းဆက်တက်ပါမယ်”**ဟု Grade (6) ကျောင်းသားလေးက သူ့မိခင်ဖြစ်သူရဲ့ အွန်လိုင်းစာမျက်နှာမှတစ်ဆင့် ရေးသားထားမှုကို ဖတ်ရှုလိုက်ရတာကလည်း ချစ်စဖွယ်ပါပဲ။

သဘာဝအားဖြင့် လူသားတွေဟာ အမှားလုပ်တတ်ကြသူတွေချည်းပါပဲ။ လူသားတွေ အမှားပြုလုပ်ခြင်းကနေ ရှောင်ကြဉ်နိုင်ဖို့နဲ့ အမှားပြုလုပ်ခြင်းမှကင်းဝေးစေဖို့အတွက် ထိန်းကျောင်းသွန်သင်ရာနေရာကတော့ စာသင်ကျောင်းပဲ ဖြစ်ပါတယ်။ ကျောင်းဆိုတဲ့နေရာဟာ လူ့တန်ဖိုးတွေ ပေါ်ထွက်လာအောင် လေ့ကျင့်ပေးသည်သာမကဘဲ **‘လူပီသဖို့’** ပညာ ရှာမှီးရာနေရာလည်း ဖြစ်ပါတယ်။ လူငယ်လူရွယ်တွေကို လိမ္မာယဉ်ကျေးအောင်၊ စာရိတ္တကောင်းမွန်အောင်၊ နိုင်ငံသားကောင်းစိတ်ဓာတ်ကြွယ်ဝအောင် လေ့ကျင့်သင်ကြားပေးတဲ့ နေရာဟာလည်း ကျောင်းပါပဲ။ **‘ပညာရွှေအိုး လူမခိုး’** ဆိုတဲ့အတိုင်း စာသင်ကျောင်းတွေဆိုတာက လူငယ်တွေအတွက် ဖွံ့ဖြိုးတိုးတက်ဖို့ အကောင်းဆုံးနေရာပဲ ဖြစ်ပါတယ်။

### အတန်းအသီးသီးအတွက် အခမဲ့ပညာရေးစနစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းကိုအရောက်ပို့ဆောင်ပေးရမယ့်တာဝန်ဟာ မိဘဖြစ်လာသူတိုင်းမှာ ရှိပါတယ်။ နိုင်ငံတော်ကလည်း ကျောင်းအပ်နှံရာမှာ အတန်းအသီးသီးအတွက် အခမဲ့ပညာရေးစနစ်သတ်မှတ်ပေးထားပြီး သူငယ်တန်း (KG) အတွက် ကျောင်းဝတ်စုံတစ်စုံ (အခမဲ့)၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်ခြောက်အုပ်နဲ့ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ (အခမဲ့)၊ အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ (အခမဲ့) (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနဲ့ စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)၊ အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ(အခမဲ့) (ကျောင်းလခ၊ မိဘဆရာအသင်း ကြေး၊ အားကစားကြေး၊ စာရေးကိရိယာနဲ့ စာကြည့်တိုက်ကြေး ကင်းလွတ်ခွင့်) တွေကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဒီလိုတန်ဖိုးရှိအားထားရတဲ့ကျောင်းတွေဖြစ်ဖို့ တစ်တပ်တစ်အား မြှုမှုန်တစ်စက်မျှ ပါဝင်ကူညီခြင်းမရှိခဲ့ဖူးတဲ့ အကြမ်းဖက်သမား လူရမ်းကားတွေဟာ လက်ရှိကာလမှာ ကျောင်းတွေကို မီးရှို့၊ ဖျက်ဆီး၊ ဗုံးခွဲ စတဲ့မိုက်မဲတဲ့လုပ်ရပ်မျိုးစုံကို ဆင်ခြင်တုံတရားမဲ့စွာ ပြုလုပ်နေကြတာကို တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့အများပြည်သူက ရှုတ်ချလျက်ရှိနေပါတယ်။

ဒါ့အပြင် အကြမ်းဖက်သမား လူရမ်းကားတွေဟာ ကျောင်းရှေ့မှာ ဆဲရေးတိုင်းထွာတဲ့ စာရေးသား ခြင်း၊ အမှိုက်တွေ၊ အတားအဆီးတွေချထားခြင်း၊ လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် စော်ကားပြောဆိုအရှက်ခွဲခြိမ်းခြောက်ခြင်း စသည့်နည်းလမ်းမျိုးစုံကို ပြုလုပ်နေတဲ့အပြင် ကျောင်းပြန်တက်မယ့် ကျောင်းသားတွေကိုလည်း **“ကျောင်းမတက်နဲ့ ကျောင်းထွက်”** လို့ လှုံ့ဆော်မှုတွေက ပြည်သူအများစုမကြားချင်၊ မမြင်ချင်တဲ့ အမင်္ဂလာသတင်းတွေပဲ ဖြစ်ပါတယ်။

### နိုင်ငံအား ဖျက်ဆီးနေကြသူများ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်တွေ မွေးထုတ်ပေးနေတဲ့ ကျောင်းတွေ မဖွင့်နိုင်ရေး၊ ကျောင်းမတက်နိုင်ရေး စတဲ့အဖျက်လုပ်ရပ်တွေကို လုပ်ဆောင်နေကြသူတွေဟာ နိုင်ငံကို ဖျက်ဆီးနေကြသူတွေပဲ ဖြစ်ပါတယ်။ အဖျက်သမားတွေ၊ အကြမ်းဖက်သမားတွေအနေနဲ့ နိုင်ငံမှာ ပညာတတ်ပေါများလာမှာကို မလိုလားဘဲ ပြည်သူလူထုအများဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။ ကိုယ်တိုင်က ဉာဏ်မဲ့တဲ့လုပ်ရပ်တွေကို လုပ်နေတဲ့အပြင် တိုင်းပြည်နဲ့လူမျိုး တိုးတက်မှုမရှိဖို့၊ လူငယ်တွေ ပညာမတတ်ဖို့၊ လူဖျင်းလူည့့်တွေ ပေါများစေဖို့ အဖျက်သမား၊ လူရမ်းကားတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။

လွန်စွာမှ စက်ဆုပ်ရွံရှာဖွယ်ရှိတဲ့ စိတ်ဓာတ်များနဲ့ မကျေနပ်ချက်တွေကို ရှေ့တန်းတင်ပြီး ကလေးလူငယ်ကျောင်းသားတွေ ပညာသင်ကြားဖို့အရေး နည်းမျိုးစုံနဲ့ နှောင့်ယှက်မှုမှန်သမျှကို မိဘ၊ ဆရာ၊ ရပ်ရွာလူထုနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးကြရမှာ ဖြစ်ပါတယ်။ မိဘတိုင်းကလည်း ကျောင်းနေအရွယ် သားငယ် သမီးငယ်တွေကို ဘယ်သူဖျက်ဖျက် မပျက်ဘဲ ကျောင်းသို့ပို့ပေးကြဖို့လိုပြီး ကျောင်းသား ကျောင်းသူ လူငယ်တွေကလည်း ဘယ်သူဖျက်ဖျက်မပျက်ဘဲ အပြုံးပန်းတွေနဲ့ ကျောင်းတက်ကာ ပညာသင်ကြားကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိတဲ့ ပညာတတ်လူတော်လူကောင်းများ နိုင်ငံမှာ ပြည့်ဝလာမှာ ဖြစ်ပါတယ်။

လူတော် လူကောင်းများနဲ့ နိုင်ငံရဲ့ အနာဂတ်ကို အကောင်းဆုံးခြယ်မှုန်းနိုင်ဖို့ ကျောင်းမှန်မှန်တက်ခြင်းဖြင့် စာမခက်အောင် ကြိုးစားကြပါစေကြောင်းနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းသားကျောင်းသူများအားလုံး ကျန်းမာရွှင်လန်းပြီး ဘေးဘယာဝေးကွာကာ ပညာတတ်ကြီးများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပါတယ်။ ။

❖ *ကျောဖုံးမှ*

အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းနွယ်က "ကျောင်းတက်ဖို့ ဌာနဆိုင်ရာရဲ့ ညွှန်ကြားချက်နဲ့အညီ ပြင်ဆင်ထားတယ်။ ကျောင်းအပ်နှံရေးကာလဖြစ်တဲ့ မေ ၂၄ ရက်ကနေ ၃၁ ရက်အထိ ကျောင်းသားတွေကို လက်ခံပြီးဖြစ်ပါတယ်။ ကျန်တဲ့ ကျောင်းသားတွေကိုလည်း ကျောင်းတက်နေရင်းပဲ လက်ခံသွားမှာပါ။ ကျောင်းကို အရင်တစ်နှစ်က ပြင်ဆင်ထားပြီးဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပြင်ဆင်ထားပါတယ်။ ဒီနှစ်ကတော့ အထူးလုံခြုံရေးအနေနဲ့ ထပ်တိုးပြီး ပြင်ဆင်ထားရှိပါတယ်။ ကျောင်းက အမှန်တကယ် ကျောင်းသားဦးရေ ၆၀၀၀ ကျော်ရှိပါတယ်။ အခု ၂၀၀၀ ကျော်အပ်ပြီးဖြစ်တဲ့အတွက် ၃၀ ရာခိုင်နှုန်း အပ်နှံပြီးဖြစ်ပါတယ်။ ကျန်တဲ့ ကျောင်းသားတွေလည်း လာရောက်အပ်နှံမယ်လို့ သတင်းကြားပါတယ်။ ကိုဗစ်ကာလဖြစ်တဲ့အတွက် ကျောင်းသားတွေကို သတ်မှတ်အကွာအဝေးအတိုင်း ထားရှိသင်ကြားပေးမှာ ဖြစ်ပါတယ်။ တစ်ခန်းကို အခန်းကျယ်မှာ အယောက် ၅၀ ထားရှိပြီး အချို့အခန်းတွေမှာ အယောက် ၄၀ ထားရှိပါတယ်။ ကျောင်းသားတွေရဲ့ လုံခြုံရေးကိစ္စကိုတော့ ဆရာဆရာမတွေလည်း ဂျူတီရှိပါတယ်။ အရင်က ဆရာမတို့ ကျောင်းမှာ တံခါးပေါက် ရှစ်ပေါက်ကို ဖွင့်ထားတာပါ။ အခုကာလမှာတော့ နှစ်ပေါက်ပဲ ဖွင့်ထားပြီး ဆရာ ဆရာမတွေ ဂျူတီစောင့်တယ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နဲ့ ရပ်ကွက် ရပ်မိရပ်ဖတွေလည်း စောင့်ပါတယ်။

**စနစ်တကျ ထားရှိပေး**

"ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး စတင်ကျောင်းအပ်နှံစဉ်ကတည်းက အစိုးရကနေ Mask တွေ၊ Face Shield တွေ ဝေထားပါတယ်။ ကျောင်းမအပ်နှံခင်ကတည်းက ကျောင်းရဲ့ နံရံတွေမှာ ကိုဗစ်-၁၉နဲ့ ပတ်သက်ပြီး သတိပေးစာတွေ၊ ကြေညာချက်တွေ၊ ဗီနိုင်းတွေ ပတ်ချာလည် ချိတ်ထားပေးပါတယ်။ စာသင်ချိန်မှာ လိုက်နာရမယ့် အချက်တွေကိုလည်း အတန်းတိုင်းမှာ ချိတ်ဆွဲထားပါတယ်။ လက်ဆေးဘေစင်ကိုလည်း တစ်ခန်းကို နှစ်လုံးထားရှိပါတယ်။ ကျောင်းမှာ လက်ဆေးဘေစင်ပေါင်း ၂၅၀ ထားရှိပေးပါတယ်။ အမှိုက်ပုံးတွေကိုလည်း အရင်က အခန်းတစ်ခန်းမှာ အမှိုက်ပုံး တစ်ပုံးထားရှိရာကနေ နှစ်ပုံးထားရှိပြီး တစ်ပုံးက ကိုဗစ်စွန့်ပစ်ပစ္စည်း စွန့်ပစ်ဖို့အတွက် စနစ်တကျ ထားရှိပေးပါတယ်။ ဒီနှစ်က သူငယ်တန်းကနေ ဆယ်တန်းအထိ တစ်ချိန်ကျောင်းပါပဲ။ နံနက် ၈ နာရီကနေ နေ့လယ် ၂ နာရီအထိ ကျောင်းတက်ရမှာပါ။ ဒါကပုံမှန် နေ့စဉ်တက်ရမှာပါ။ ကျောင်းသားမိဘတွေကို ပြောချင်တာက အခြားဘာကိစ္စကိုမှ မစဉ်းစားဘဲ မိမိသား သမီးတွေရဲ့ ပညာရေးကိုပဲ စဉ်းစားပြီးတော့ ကျောင်းလာအပ်နှံစေချင်ပါတယ်" ဟု ဆိုသည်။

ယခုနှစ် ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသားတစ်ဦးက "အခု ကျောင်းရောက်တော့ တစ်နှစ်ကျော်ကွဲကွာခဲ့တဲ့ ဆရာမတွေနဲ့ သူငယ်ချင်းကျောင်းသား ကျောင်းသူတွေကို ရင်းရင်းနှီးနှီးပြန်တွေ့ရတော့ အတိုင်းမသိဝမ်းသာရပါတယ်။ ကျောင်းမတက်ရတဲ့ တစ်နှစ်ကျော်ကာလအတွင်း ကျောင်းပညာရေးအတွက် ကျောင်းစာတွေကို လေ့လာထားပါတယ်" ဟု ပြောသည်။



မရမ်းကုန်းမြို့နယ် အမှတ်(၈) ရပ်ကွက် ပညာသိပ္ပံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိက။

ကျောင်းသူတစ်ဦးကလည်း "အခု ကျောင်းပြန်တက်ရတော့ ဝမ်းသာပါတယ်။ သူငယ်ချင်းတွေနဲ့လည်း တွေ့ရတော့ အတိုင်းမသိပါပဲ။ တစ်နှစ်ကျော် ကျောင်းပိတ်ထားတဲ့ ကာလအတွင်း အိမ်မှာ မိဘကို ဝိုင်းကူလုပ်ပေးပြီး ကျောင်းစာတွေကို လေ့လာခဲ့ပါတယ်" ဟု ပြောသည်။

**ကျောင်းပညာရေးကို အထိခိုက်မခံနိုင်**

အလားတူ အထက (၂) လသာမှ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်စန်းစန်းမော်က "ဒီလို ကျောင်းတွေ ဖွင့်ဖို့ အစ်မတို့က မျှော်လင့်နေတာပါ။ မနှစ်က ကိုဗစ်ဖြစ်လို့ ကလေးတွေ အသက်တစ်နှစ်ကြီးခဲ့ပြီ။ သမီးဖြစ်သူကို သူငယ်တန်းကနေ ဆယ်တန်းအထိ ပညာလိုချင်လွန်းလို့ ဒီကျောင်းမှာ လာထားတာ ကျောင်းအပ်လက်ခံတဲ့ ၂၄ ရက်နေ့မှာ အပ်ခဲ့တယ်။ ကျောင်းစတက်ရမယ်ဆိုတော့လည်း ကနေ့လာတက်ခဲ့တာ။ ကလေးရဲ့ ကျောင်းပညာရေးကိုတော့ ဘယ်လိုနည်းနဲ့မှ အထိခိုက်မခံနိုင်ဘူး။ မိဘတစ်ယောက်အနေနဲ့ သားသမီးကို ပညာတတ်ဖြစ်စေချင်တယ်။ ပညာရေးသာ အဓိကပါပဲ"ဟု ပြောသည်။

အထက (၂) လသာမှ မူလတန်းပြဆရာမ ဒေါ်ဟသ်ာဝေကလည်း "ကျွန်မ သင်ရမယ့်အတန်းက Grade- 1 ပါ ။ ကျောင်းချိန်က မနက် ၈ နာရီကနေ ၁၁ နာရီခွဲအထိပါ။ ကလေးတွေ ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ ကျောင်းတက်ရမယ်။ မိဘ၊ ဆရာ၊ ကျောင်းသားတွေ အားလုံးအတွက် ကျောင်းစည်းကမ်းတွေ ပြဋ္ဌာန်းထားပါတယ်။ အခု သင်ကြားမယ့် သင်ရိုးညွှန်းတမ်းက အမျိုးသားပညာရေး ညွှန်းတမ်းအတိုင်းပါပဲ။ လူဦးရေနည်းသေးတဲ့အတွက် အပတ်စဉ် တက်ရမယ်။ စာသင်ချိန်က တစ်ရက် ၅ ချိန်နဲ့ တစ်ပတ်ကို စာသင်ချိန် ၂၅ ချိန် သင်ပါမယ်။ အရင်ပြဋ္ဌာန်းထားတဲ့ သင်ရိုးအတိုင်း သင်ကြားပေးသွားမှာပါ" ဟု ပြောသည်။

အထက(၂) လသာ၌ သတ္တမတန်းပညာ သင်ကြားမည့် မဇင်မာမျိုးက "ကျောင်းတွေ ပြန်ဖွင့်လို့ ပျော်ပါတယ်။ စာအလွန်သင်ချင်တယ်။ အနာဂတ်မှာ သမီး ဆရာဝန်တစ်ယောက် ဖြစ်ချင်လို့ပါ။ အခုလို ကျောင်းတွေပြန်ဖွင့်တော့ စာသင်ရမှာမို့ ဝမ်းသာပါတယ်"ဟု ပြောသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် အခြေခံပညာကျောင်းများနှင့်အတူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် ၃၇ မြို့နယ်၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ထားရှိပြီး မူလတန်းအဆင့် ၁၃၃ ကျောင်း၊ မူလွန်အဆင့် ၈၈ ကျောင်း၊ အလယ်တန်းအဆင့် ၉ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဇွန်လပထမပတ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သင်ထောက်ကူပစ္စည်းတွေပါ ထောက်ပံ့ထား**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၈) ရပ်ကွက် ပညာသိပ္ပံဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိက "ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးကိုယ်တိုင်လာလျှောက်ပြီး အစည်းအဝေးခေါ်တယ်။ ဘကကျောင်းတွေကို အကုန်လုံးညွှန်ကြားပြီးဖြစ်ပါတယ်။ ဒီနှစ်လည်း ပညာသင်ကြားရေးကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ ကျောင်းဖွင့်ခါစ ကျောင်းသားဦးရေက ကျောင်းတိုင်း နည်းနည်းအားနည်းပါတယ်။ ဘုန်းဘုန်းတို့ကလည်း ရှိတဲ့ကျောင်းသားနဲ့ပဲ ပညာသင်ကြားရေးကို ဆက်လက်ဆောင်ရွက်သွားမှာပါ။ ပညာသင်ကြားတဲ့နေရာမှာလည်း ဆရာ ဆရာမတွေ အားလုံးကို တိုက်တွန်းနှိုးဆော်ထားတယ်။ ပြန်ဖွင့်တဲ့နေရာမှာ အခြေခံပညာကျောင်းများနည်းတူ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းစာအုပ်တွေရော၊ စာရေးကိရိယာတွေရော သင်ထောက်ကူပစ္စည်းတွေပါ ထောက်ပံ့ထားတဲ့အပြင် အခု ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ ကျန်းမာရေးအထောက်အပံ့ပစ္စည်းတွေလည်း အားလုံးလက်ခံရရှိပြီး ဖြစ်ပါတယ်။ ဒီနှစ်လည်းပဲ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအားလုံးကို ပညာသင်ကြားရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်ကြဖို့ ဘုန်းဘုန်းကိုယ်တိုင် တိုက်တွန်းခဲ့ပြီး ဖြစ်ပါတယ်။



ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျောင်းသားတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အပူချိန်တိုင်းပေးနေစဉ်။

"ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေဟာ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ၊ ကိုယ့်ကျောင်းကိုယ်ဆောက်၊ ကိုယ့်စာကိုယ်သင်စနစ်နဲ့ သွားတာဖြစ်ပါတယ်။ စေတနာရှင် အလှူရှင် အနီးအဝေးတွေရဲ့ ပံ့ပိုးမှု၊ နိုင်ငံတော်က ကူညီထောက်ပံ့မှုတွေကြောင့် ဒီနေ့ ယခင်ထက်စာရင် ပိုမိုပြည့်စုံသင့်သလောက် ပြည့်စုံနေပါပြီ။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရဲ့ အဓိကလိုအပ်ချက်က နိုင်ငံတော်အစိုးရက ဆက်လက်အားပေးဖို့ ဖြစ်ပါတယ်။ အစိုးရအခြေခံကျောင်းများနည်းတူ ပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ၊ သင်ထောက်ကူပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကျန်းမာရေးအထောက်အကူရတဲ့ပစ္စည်းများ၊ ဒါတွေလည်း လိုအပ်ပါတယ်။ ဒီရပ်ကွက်အနီးနားမှာရှိတဲ့ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်တဲ့ ကလေးတွေကိုလည်း ပြုစုစောင့်ရှောက်ပေးနေပါတယ်။ ဆရာဆရာမ ၁၀ ဦး ရှိပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေက ပညာရေးကို တကယ်မြှင့်တင်ပေးနေပါတယ်။ ကလေးတွေကို ယဉ်ကျေးလိမ္မာအောင် သင်ကြားပေးနေပါတယ်။ တိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းက စောင့်ရှောက်ပေးနေပါတယ်။ ရှေးအစဉ်အလာ သမိုင်းကြောင်းကို ဆက်လက်ထိန်းသိမ်းနေပါတယ်။ ကောင်းမှု မကောင်းမှု၊ ကုသိုလ် အကုသိုလ် သိအောင် ကလေးဘဝကစပြီး လူကြီးဘဝရောက်တဲ့ထိအောင် အလင်းခတ်တွေ ပေးနေပါတယ်။ တိုင်းပြည်ရဲ့ သားကောင်း သမီးမွန်များ မွေးထုတ်ပေးနေပါတယ်။ ပညာတတ်လူမျိုးတွေ တိုးပွားပေးနေပါတယ်။ ပညာရေးလုပ်ငန်းတွေနဲ့ ဆက်လက်ကူညီပေးနေပါတယ်" ဟု မိန့်ကြားသည်။

**ကိုဗစ်စည်းကမ်းနဲ့အညီ ဖွင့်လှစ်**

ပညာသိပ္ပံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ တာဝန်ခံ ဒေါ်နီနီထွန်းက "ဒီနှစ် နှစ်စမှာ ကျောင်းသားဦးရေ နည်းပါတယ်။ နှစ်စဉ် ကျောင်းသားဦးရေ ၄၀၀ ကျော်ရှိတယ်။ ဆရာ ဆရာမ ၁၀ ဦးနဲ့ ကျောင်း ကို ဖွဲ့စည်းထားပါတယ်။ သူငယ်တန်းကနေ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူအားလုံးကို အစိုးရပြဋ္ဌာန်းစာအုပ်နဲ့အညီ သင်ကြားပေးပါတယ်။ နယ်စပ်တောင်တန်းဒေသ ကလေး ၁၁၀ ကို ကျောင်းအိပ်ကျောင်းစားအဖြစ် လက်ခံထားပါတယ်။ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးကို ထောက်ပံ့ကူညီပေးပါတယ်။ အခုပညာသင်နှစ်မှာ ၂၆ ရက်နေ့ကစပြီး ယနေ့အထိ လက်ခံတာ ကျောင်းသား ၁၀၀ ကျော်ရှိပါပြီ။ အရင်တုန်းက ကျွန်မတို့ ကျောင်းက တစ်ချိန်ကျောင်းဖြစ်ပါတယ်။ အခု ကိုဗစ် စည်းကမ်းနဲ့ အညီ နှစ်ချိန်တက်ကျောင်းအဖြစ် ဖွင့်လှစ်မှာဖြစ်ပါတယ်။ အရင်တုန်းက စာသင်ခန်းမှာ ကျောင်းသား ၄၀ ကျော်၊ ၅၀ ရှိပါတယ်။ အခုဆိုရင် တစ်ခန်းကို ၂၄ ယောက်နှုန်းနဲ့စီ ထားပါတယ်။ ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနဲ့ အခြားထောက်ပံ့ပစ္စည်းတွေကို အစိုးရကျောင်းများနည်းတူ ပံ့ပိုးပေးထားပါတယ်။ ကလေးတွေအတွက် လိုအပ်တာမှန်သမျှကို ကျောင်းက ဘုန်းဘုန်းက ဆက်လက်ပြီး ပံ့ပိုးပေးပါတယ်"ဟု ပြောသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာဦးစီးဌာန အောက်ရှိ ထက်/လယ်/မူ ကျောင်းများကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ဇွန် ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသားဦးရေ ၃၅၅၇၇၁ ဦး ကျောင်းအပ်ခံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းလေးကျောင်းအပါအဝင် အခြေခံပညာကျောင်း ၂၇၅၈ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၂၃၀၊ ကိုယ်ပိုင်ကျောင်း ၂၇၃ ကျောင်းရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**



လသာမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသူတစ်ဦး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လက်ဆေးနေစဉ်။

# မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မော်တော်ယာဉ်တစ်စီးအား မီးရှို့ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသူများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးသေဆုံးကာ အမျိုးသမီးတစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ မော်တော်ယာဉ်တစ်စီးအား မီးရှို့ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသူများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးသေဆုံးကာ အမျိုးသမီးတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၁ ရက် ညနေပိုင်းက ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်း ကျေးရွာ ရပ်/ကျေးစာရေး ကိုကျော်မျိုးနိုင်၊ ဟံသာဝတီကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးသာလူ၊ မြောက်ခင်ရန်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးစိန်ဦး၊ မခင်မျိုးတင့်၊ မြောက်ခင်ရန်း တိုက်နယ်ဆေးရုံ သန့်ရှင်းရေးဝန်ထမ်း မသီတာဝင်းနှင့် သူနာပြုဆရာမ မသဲမာထွေးတို့ ခြောက်ဦးသည် ဂန့်ဂေါမြို့၌ လစာများထုတ်ယူပြီး ADVAN မော်တော်ယာဉ်ဖြင့် မြောက်ခင်ရန်းကျေးရွာသို့ ပြန်လည်ထွက်ခွာလာခဲ့ကြောင်း၊ ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေး ကားလမ်း မိုင်တိုင်အမှတ်(၃၂)အနီး ရဲလှကျေးရွာနှင့် မွေ့လယ်ကျေးရွာကြားအရောက်တွင် တူမီးသေနတ်ကိုင်ဆောင်ထားသည့် အကြမ်းဖက်သောင်းကျန်းသူ အင်အား ၈၀ ခန့်က သစ်ကိုင်းများဖြင့် လမ်းအား ပိတ်ဆို့တားဆီးပြီး ယာဉ်ပေါ်ပါလာသူခြောက်ဦးကို ယာဉ်ပေါ်မှ ဆင်းခိုင်း၍ တူမီးသေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ကာ လစာငွေများ သိမ်းယူပြီး လူများနှင့် မော်တော်ယာဉ်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်သတ်ဖြတ်မီးရှို့မှုကြောင့် ကိုကျော်မျိုးနိုင်၊ ဦးသာလူ၊ ဦးစိန်ဦး၊ မခင်မျိုးတင့်နှင့် မသီတာဝင်းတို့သည် မီးလောင်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး မသဲမာထွေးမှာ သေနတ်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါအကြမ်းဖက်သူများ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် မသဲမာဦးကို ယနေ့ နံနက်ပိုင်းတွင် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ မော်တော်ယာဉ်ကို မီးရှို့၍ ယာဉ်ပေါ်တွင် လိုက်ပါလာသူများကို သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**



နိုင်ငံ၏အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း၍ လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေခြင်း၊ အစိုးရဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရန်လှုံ့ဆော်ခြင်း၊ အများပြည်သူနှင့် အစိုးရဝန်ထမ်းများအား အထိတ်တလန့်ဖြစ်စေရန်နှင့် ပြစ်မှုကျူးလွန်လာစေရန် လူမှုကွန်ရက်ပေါ်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်ရေးသားခြင်းနှင့် ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခဲ့ခြင်းများ လုပ်ဆောင်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ရပ်ကွက် စိန်ပန်းပြာလမ်းနေ ပန်းအိဖြူ(ဘ) ဦးဝင်းကြွယ်၊ ကန်ဖျားရပ်ကွက်၊ ပိတောက်ပင်လမ်းနေ မျိုးနိုင်(ဘ) ဦးဘအုန်းနှင့် အောင်မင်္ဂလာလမ်းနေ ထိန်လင်းဦး(ဘ) ဦးသန်းငွေတို့ သုံးဦးကို မေ ၃၁ ရက်က ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မြိတ်မြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ လက်လုပ်ရီမုမိုင်းထောင်နေစဉ် ပေါက်ကွဲမှုကြောင့် အကြမ်းဖက်သူအမျိုးသားတစ်ဦး မိုင်းစထိမှန်သေဆုံး

**နေပြည်တော် ဇွန် ၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ လက်လုပ်ရီမုမိုင်းထောင်နေစဉ် ပေါက်ကွဲမှုကြောင့် အကြမ်းဖက်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူအုပ်စု ဆိပ်မူကျေးရွာ ရပ်ကွက်(၃)ရှိ ကွန်ကရစ်တံတားနှင့် မီတာ ၁၀၀ ခန့်အကွာတွင် အကြမ်းဖက်သူ အမျိုးသားတစ်ဦးက လမ်း၏ဝဲ/ယာဘက်ခြမ်းရှိ လမ်းဘေးကွန်ကရစ်တိုင်များအနီး၌ ဒေသန္တရလုပ် လက်လုပ်ရီမုမိုင်းနှစ်လုံးထောင်ပြီး ဆိုင်ကယ်ဖြင့် ပြန်လည်ထွက်ခွာရန် ပြုလုပ်စဉ် ၎င်းထောင်ထားသည့် မိုင်းပေါက်ကွဲ၍ မိုင်းစထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကံပေါက်ကျေးရွာ တန့်ဆည်မြို့နယ်နေသူ မြင့်ဝေ (၅၄ နှစ်)(ဘ)ဦးပွားဖြစ်ကြောင်း သိရပြီး ၎င်း၏ခန္ဓာကိုယ်ပေါ်မှ မှတ်ပုံတင်တစ်ခု၊ ပိုက်ဆံအိတ်တစ်လုံးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပေါက်ကွဲမှုကြောင့် လမ်းဘေးရှိ ကွန်ကရစ်တိုင်အောက်ခြေ အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထု ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် သေဆုံးမှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းစဉ်များနှင့်အညီ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြို့နယ်အချို့၌ ပြည်သူလူထုမှ လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် ဇွန် ၁**

တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိသည်။



ထိုသို့ အပ်နှံလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကော့သောင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့ရှိ ကျေးရွာများမှ တူမီးသေနတ် ၂၀၊ လက်လုပ်သေနတ်သုံးလက်နှင့် ကိုးလုံးထိုးခေါက်ချိုးသေနတ်တစ်လက်တို့ကို ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျသိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မုတ်သုံလေ အားနည်းငယ်မှ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဇွန် ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားနည်းငယ်မှအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှု နှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပိုစတာ




## လောက်ကိုင်မြို့နယ် ဆင်မင်ခြံကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းပြီးစီး

**လောက်ကိုင် ဇွန် ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိစေရန် ရည်ရွယ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ထင်ပါကျိုင်း ကျေးရွာအုပ်စု ဆင်မင်ခြံကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေလနောက်ဆုံးပတ်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လောက်ကိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။



အဆိုပါကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် ရေပိုက်များ ၁ မိုင် ၄ ဖာလုံ သွယ်တန်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်၍ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆင်မင်ခြံကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းသည် ကျေးရွာရှိ အိမ်ခြေ ၁၃၀၊ လူဦးရေ ၅၁၉ ဦးတို့နှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံရေးအတွက် အကျိုးပြုလျက်ရှိကြောင်း လောက်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ပြောသည်။

**စိုးမိုးကျော်**




**အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၆ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၇၃၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅ | ကျပ် | ၁၀၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၄ | ကျပ် |
| အောက်တိန်း ၉၂ | ၉၉၀ | ကျပ် | ၁၀၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၂၅ | ကျပ် | ၁၁၂၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၁၂၂၆ | ၁၁၀၂၆၀၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၈၅၈ | ၂၉၈၄၉၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၃ | ၂၃၄၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၄၁၁ | ၈၀၁၄၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂ | ၅၅၀၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၇၁ | ၂၂၀၀၅၀ |

ညီညီ - စုစည်းသည်

# အကြမ်းဖက်သံသရာ မရှည်ကြာအောင် . . . .

## — — — ငြိမ်းချမ်းမောင် — — —

**အကြမ်းဖက်မှုများအား ဆန့်ကျင်သည်ဆိုရာတွင် အကြမ်းဖက်မှု ပုံသဏ္ဌာန်အားလုံးကို ဆန့်ကျင်ပြီးနောက် အကြမ်းမဖက်သည့် နည်းလမ်းကိုသာ ကျင့်သုံးမည်ဆိုခြင်းဖြစ်သည်။ အကြမ်းဖက်မှုသည် ထိခိုက်မှု တစ်စုံတစ်ရာဖြစ်ပွားစေသည့် အင်အားအသုံးပြုမှု ဖြစ်ပါသည်။**

အကြမ်းဖက်မှုဆိုသည်မှာ မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ယောက်ကိုဖြစ်စေ၊ အခြားလူအုပ်စု သို့မဟုတ် လူ့အဖွဲ့အစည်းကိုဖြစ်စေ ထိခိုက်ဒဏ်ရာရစေမှု၊ သေဆုံးစေမှု၊ စိတ်ဒဏ်ရာရစေမှု၊ ဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးစေမှုတို့ကို ဖြစ်ပွားစေသည့် အင်အားအသုံးပြုမှုဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

### အကြမ်းဖက်လုပ်ရပ်များ

အင်အားကြီးပါတီကြီးကို ဖယ်ရှားလိုက်သည်နှင့် ဒီမိုကရေစီကို လိုလားပါသည်ဟု ဆိုသူများက “ဒီမိုကရေစီရရှိရေး”၊ “စစ်အာဏာရှင်ကျဆုံးရေး” ဟု စတင်ကြွေးကြော်ကြရာတွင် CDM လှုပ်ရှားမှုကြီးကို အစပြု၍ “ရုံးမတက်နဲ့ ရုန်းထွက်” ကြွေးကြော်သံများသည် အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းကို အစပြုလာခြင်းဖြစ်သည်။ CDM လှုပ်ရှားမှု၏အကျိုးဆက်များအဖြစ် စိတ်ဒဏ်ရာရစေမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှောင့်နှေးစေမှုတို့ ဖြစ်ပေါ်ခဲ့၍ ယင်းတို့သည် အကြမ်းဖက်မှုအဆက်အနွယ်များဟု ဆိုရမည်ဖြစ်သည်။ ထိုမှတစ်ဆင့်တက်သော် လူတစ်ဦးတစ်ယောက်မှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ထိခိုက်မှုဖြစ်စေသည့် အကြမ်းဖက်လုပ်ရပ်များ အထင်အရှား ပေါ်ပေါက်လာပါသည်။

အမှန်တကယ်တွင် ကျွန်တော်တို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပြဋ္ဌာန်းချက်များအရ ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံကို အသွင်ကူးပြောင်းတည်ဆောက်နေသည်ဆိုသော်လည်း ဒီမိုကရေစီအမည်ခံသူများ၊ ဒီမိုကရေစီအရေခြုံသူများ၊ ဒီမိုကရေစီကို တလွဲအသုံးချသူများကြောင့် စစ်မှန်သော ဒီမိုကရေစီဝါဒမှ သွေဖည်နေသည်ဟု ဆိုရမည်ဖြစ်သည်။ လွတ်လပ်မှုအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးများကို ရှေ့တန်းတင်ကာ ပြည်သူလူထုအား စည်းရုံးနိုင်မှုသည် “တစ်ပါတီအာဏာရှင်”၊ “လူထုအာဏာရှင်”ဘဝ ရောက်စေသည့် တွန်းအားများပင်ဖြစ်ပါသည်။ ယနေ့အခါတွင် တစ်ပါတီအာဏာရှင်၏ပွဲကိုင်မှုဖြင့် လူထုအာဏာရှင်တို့သည် အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်၍ နိုင်ငံကိုပျက်သုဉ်းအောင်၊ ပြည်သူလူထုတစ်ရပ်လုံး အကြောက်တရားဖုံးအောင် လုပ်ဆောင်ကြသည်ကို ထင်ထင်ရှားရှား မြင်ကြရလေပြီ။

### သောင်းကျန်းသူတို့နည်း

ဆန္ဒဖော်ထုတ်ကြသည်မှာ ဒီမိုကရေစီစနစ်၏ ပြယုဂ်တစ်ခုမျှသာဖြစ်သည်။ ဆန္ဒပြကြရုံဖြင့် အစိုးရတစ်ရပ်သည် သူ့အလိုလို ပြုတ်မကျသွားချေ။ ထို့ကြောင့် ဆန္ဒဖော်ထုတ်ကြသည့်အင်အားကို သန္ဓေတည်၍ အသွင်အဆင့်ဆင့်ကူးပြောင်းကာ လူထုအင်အား၊ လူထုအာဏာကို အကြမ်းဖက်နည်းလမ်းဖြင့် ထုထောင်သည်။ အကြမ်းဖက်မှုအားကောင်းလာသောအခါ တည်ဆဲအစိုးရ ပြုတ်ကျရေး၊ တစ်ပါတီအာဏာပြန်ရရေးတို့သည် နီးစပ်လာမည်ဖြစ်သည်။

တကယ်တမ်းတွင် အကြမ်းဖက်လူထုအင်အားသည် အသုံးချခံသာ ဖြစ်သည်။ အကြမ်းဖက်အင်အားများသည် မလွဲမသွေဖြိုခွင်းခံရမည်သာ ဖြစ်သည်။ အကြမ်းဖက်သမားတို့သည် ဖမ်းဆီးချုပ်နှောင်ခံရခြင်း၊ ထောင်နန်းစံရခြင်း၊ အသက်သေဆုံးရခြင်း၊ ဘဝပျက်ခြင်းတို့သာ ဖြစ်ခဲ့ကြသည်ကို မြန်မာ့သမိုင်းတွင် တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်သမားတို့သည် သောင်းကျန်းသူတို့၏ လုပ်နည်းလုပ်ဟန်အတိုင်း လုပ်ဆောင်ခဲ့ကြသည်။

မြန်မာ့နိုင်ငံရေးသမိုင်း၌ အကြမ်းဖက်သံသရာသည် မဆုံးနိုင်အောင်ရှိနေဆဲဖြစ်သည်။ လွတ်လပ်ရေးမရမီက မသမာသူအကြမ်းဖက်သမားတို့၏ လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။ လွတ်လပ်ရေးရပြီး နောက်တွင်လည်း နိုင်ငံရေးပါတီများ ကွဲကြပြဲကြပြီး လက်နက်ကယ်စုံအလင်နှင့် ခက်ဖွယ်ရယ် ကြုံခဲ့ကြရသည့်နိုင်ငံဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်လုပ်ရပ် မင်းမဲ့စရိုက်များသည် လက်ဝဲလက်ယာ အစွန်းရောက်ဝါဒီများ၊ တရားသေလူမျိုးရေး အစွန်းရောက်ဝါဒီများ၊ အခြားမသမာသူများ၏ အမြတ်ထုတ်မှုများဖြစ်ခဲ့သည်။ မျက်မှောက်ကာလတွင် အကြမ်းဖက် လုပ်ရပ်၊ မင်းမဲ့စရိုက်များသည် နိုင်ငံရေးအရောင်ဆိုးခြင်းခံရသည့် လူငယ်လူရွယ်များ၊ အသိအမြင်အားနည်းသည့် ပြည်သူအချို့အား “စစ်ကျွန်၊ စစ်အာဏာရှင်” တံဆိပ်ကပ်ပေးပြီး ပေါ်ပေါက်လာခဲ့သည်။

> ❖ **ငင်းတို့သည် ပြည်သူလူထုအကြား ရိုးသားစွာနေထိုင်ကြသော ပြည်သူလူထုကို အကာအကွယ်ယူပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်နေခြင်းဖြစ်သည်။ အဖျက်အမှောင့်လုပ်ငန်းများကို ပြုလုပ်ခြင်းသည် ပြည်သူလူထုကိုသာ အများဆုံးထိခိုက်စေသည်။ အကြမ်းဖက်အဖျက်သမားတို့ အဖျက်လုပ်ရပ်များကို မြို့ရွာများတွင် အမျိုးမျိုး လုပ်ကိုင်ခဲ့ကြရာ ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မေလ ၁၂ ရက်နေ့အထိ ဆူပူအကြမ်းဖက်သူတို့၏ လူမဆန်သောလုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူ ၆၃ ဦး အသက်သေဆုံးခဲ့ရသည်။ ငင်းအပြစ်မဲ့ပြည်သူတို့၏ မိသားစုများ ဒုက္ခဆင်းရဲ ရောက်ခဲ့ကြ**

### ပြည်သူများအကြောက်ဆုံး

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်စဉ်များသည် ပြည်တွင်းရေးဖြစ်သော်လည်း အဘက်ဘက်တွင် ကြိုတင်ကြံစည်ထားသည့်၊ အင်အားကောင်းသည့် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အနှောင့်အယှက်များကြောင့် အကျပ်အတည်း အခက်အခဲများစွာ ဖြစ်ပေါ်ခံစားနေကြရခြင်းဖြစ်သည်။ ဥပဒေကို ဖောက်ဖျက်သူများက ထင်ရာစိုင်းပြီး ဥပဒေကို လေးစားလိုက်နာသူများက ပို၍အနေအစား ဆင်းရဲခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေအရ အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းရယူထိန်းသိမ်းနေကြောင်း အကြိမ်ကြိမ်ရှင်းပြကြသော်လည်း တပ်မတော်က အာဏာသိမ်းသည်ဟု ပြည်သူကြားတွင် ပုံဖော်ခဲ့ကြသည်။ ပြည်သူအများစု၏ စိတ်ခံစားချက်အရဆိုပါက တိုင်းပြည်ကို မည်သူအုပ်ချုပ်သည်ဖြစ်စေ၊ တည်ငြိမ်အေးချမ်းပြီး လုပ်ကိုင်စားသောက်မှု အဆင်ပြေလိုကြသူများသာ များသည်။ အပူအပင်ကင်းကင်းဖြင့် စိတ်အေးချမ်းသာချင်ကြသည်။ အကြောက်ဆုံးမှာ ဆူဆူပူပူ၊ အထိတ်တလန့်နှင့် မတည်မငြိမ်ဖြစ်မည်ကို အကြောက်ဆုံးဖြစ်သည်။

**“တောမီးလောင် တောကြောင် လက်ပမ်းပေါင်း (လက်ခမောင်း) ခတ်” ဆိုရိုးအတိုင်း တိုင်းပြည်မတည်မငြိမ်ဖြစ်သောအခါ လူမိုက်များ ခေါင်းထောင်လာကြသည်။ ဥပဒေဘက်တော်သားထက် လူမိုက်ကို ပိုကြောက်ကြရသည်။ ပြည်သူများ ညီညီညွတ်ညွတ်ဖြင့် လူမိုက်များကို ကာကွယ်ရန်၊ သတင်းပေးရန် ပြောကြသော်လည်း လူမိုက်များ၏ရန် လက်ဦးခံရမည်ကို ကြောက်ရွံ့ကြသည်။ လူမိုက်များ အားကောင်းလာလျှင် လူကောင်းများသာမက ဥပဒေဘက်တော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ကိုပါ အန္တရာယ်ပေးနေသည်ကို လက်ငင်းတွေ့နေရသည်။ ဥပဒေမဲ့ပြုကျင့်သူကို ဥပဒေအရ အရေးယူသည်မှာနောက်၊ အပြစ်မဲ့ပြည်သူများ အန္တရာယ်ကျရောက်မည်မှာ အရင်ဖြစ်၍ ကြောက်ရွံ့ကြသည်ကို အပြစ်မဆိုသာပေ။**

### မကောင်းဒဏ်ပြန်ခံ

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များကို သုံးသပ်ကြည့်လျှင် အကြမ်းဖက်ဆူပူဆန္ဒပြသူများအနေဖြင့် လမ်းပေါ်ထွက် ဆန္ဒပြမှုများ လျော့နည်းသွားသောအခါ ငင်းတို့၏ ရပ်တည်နိုင်မှု အားလျော့လာသည်ကို ပြန်လည်အရှိန်မြှင့်လာသည်။ ပြည်သူလူထု၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့်နေရာများ၊ အုပ်ချုပ်ရေးယန္တရားများကို မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ ဗုံးထောင်ခြင်း၊ ဗုံးပစ်ခြင်းတို့ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူလူထုအတွင်း စိုးရိမ်စိတ်များဖြစ်လာအောင်၊ မြို့ရွာများ မငြိမ်မသက်ဖြစ်အောင်၊ မတည်ငြိမ်အောင် လုပ်ဆောင်နေခြင်းဖြစ်သည်။ အကြမ်းဖက်သမားများအနေဖြင့် မကောင်းမှုဒဏ် ကိုယ့်ထံပြန်သည့်အလား လက်လုပ်ဗုံးများ၊ မိုင်းများပြုလုပ်ခြင်း၊ မြို့ရွာများတွင် တပ်ဆင်ရာ၌ လက်ဝယ်တွင် ဗုံးကွဲပြီး သေဆုံးခြင်း၊ ဒဏ်ရာရခြင်းများဖြစ်ခဲ့သည်။

ငင်းတို့သည် ပြည်သူလူထုအကြား ရိုးသားစွာ နေထိုင်ကြသော ပြည်သူလူထုကို အကာအကွယ်ယူပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်နေခြင်းဖြစ်သည်။ အဖျက်အမှောင့် လုပ်ငန်းများကို ပြုလုပ်ခြင်းသည် ပြည်သူလူထုကိုသာ အများဆုံးထိခိုက်စေသည်။ အကြမ်းဖက်အဖျက်သမားတို့ အဖျက်လုပ်ရပ်များကို မြို့ရွာများတွင် အမျိုးမျိုးလုပ်ကိုင်ခဲ့ကြရာ ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မေလ ၁၂ ရက်နေ့အထိ ဆူပူအကြမ်းဖက်သူတို့၏ လူမဆန်သောလုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူ ၆၃ ဦး အသက်သေဆုံးခဲ့ရသည်။ ငင်းအပြစ်မဲ့ပြည်သူတို့၏ မိသားစုများ ဒုက္ခဆင်းရဲရောက်ခဲ့ကြသည်။

### အချိန်မီကာကွယ်ပေး

ပြည်သူလူထုအနေဖြင့် အကြမ်းဖက်အဖျက်သမားများ၏ အန္တရာယ်မှ ကင်းဝေးအောင် လုံခြုံရေးတပ်ဖွဲ့များက နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး အကြမ်းဖက်မှုဖြစ်လျှင် ချက်ချင်းရှင်းလင်းပေးလျက်ရှိသည်။

အကယ်၍ အကြမ်းဖက်သမားများ မိမိတို့ပတ်ဝန်းကျင်သို့ ရောက်လာသည်ဆိုပါက ချက်ချင်းသတင်းပေးနိုင်လျှင် အချိန်မီ ကာကွယ်တားဆီးပေးနိုင်သည်။ ထို့ကြောင့် အကြမ်းဖက်အဖျက်သမားများနှင့်ပတ်သက်သည့်သတင်းများ၊ လှုပ်ရှားမှုများ၊ မသင်္ကာစရာများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့များအား ချက်ချင်း သတင်းပေးကြပါရန် တိုက်တွန်းထားသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် အကြမ်းဖက်အဖျက်သမားများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးနိုင်သည့် ပြည်သူလူထုနှင့် ပြည်သူပိုင်အဆောက်အအုံများကို အချိန်မီကာကွယ်တားဆီးပေးနိုင်မည်ဖြစ်သည်။ ယခုအချိန်အခါတွင် လုံခြုံရေးသတိ အမြဲရှိဖို့ လိုအပ်သည်။ သာဓကအားဖြင့် မကြာသေးမီက DENKO ဆီဆိုင်တွင် ဆီလာထည့်သည့် ဆိုင်ကယ်များနှင့်ရော၍ အကြမ်းဖက်သမားက ချိန်ကိုက်မိုင်းထောင်ခဲ့ရာ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရသည့်အဖြစ်မှာ စိတ်မကောင်းစရာဖြစ်သည်။

### နှောင်မလုပ်ဝံ့အောင်

ဥပဒေမဲ့ပြုကျင့်သူ လူမိုက်လူရမ်းကား အကြမ်းဖက်သမားများအား နှိမ်နင်းနိုင်ရမည်မှာ အစိုးရ၏တာဝန်ဖြစ်သည်။ လူဆိုးလူမိုက် လူရမ်းကားအကြမ်းဖက်သမားများကို တပ်မတော်၊ ရဲတပ်ဖွဲ့တို့က နှိမ်နင်းကြမည်သာ ဖြစ်သည်။ သို့သော် ရပ်ရွာပြည်သူလူထုက ကူညီပါမှ ပိုမိုထိရောက်အောင်မြင်မည်။ အဖျက်လုပ်ရပ်များ မကြာမီ ချုပ်ငြိမ်းသွားမည်ဟုလည်း ပြည်သူများက အားကိုးယုံကြည်မျှော်လင့်နေကြသည်။

အကြမ်းဖက်လုပ်ရပ်များ အမြန်ဆုံးချုပ်ငြိမ်းသွားရန်အတွက် အားလုံးဝိုင်းဝန်း လက်တွဲတိုက်ဖျက်ကြရမည်ဖြစ်သည်။ လူကို သေစေနိုင်သော လက်နက်၊ သေနတ်၊ လက်လုပ်ဗုံး၊ လက်ပစ်ဗုံး၊ မီးပုလင်းများ အသုံးပြု၍ စက်ရုံ၊ အလုပ်ရုံ၊ လူနေအိမ်၊ ကျောင်း၊ ရုံးနှင့် ရဲစခန်းများကို

*စာမျက်နှာ ၂၁ သို့*

# ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား



နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁**

ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီး သက်ဆိုင်ရာ အတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများသည်လည်း ကိုဗစ် – ၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အခြေခံပညာကျောင်းပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၇၄ ကျောင်း စုစုပေါင်း ၈၅၉ ကျောင်း ရှိကြောင်း သိရှိရသည်။

၂၀၂၁ – ၂၀၂၂ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ် – ၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ကျ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများနှင့် Face Shield များ စနစ်တကျ တပ်ဆင်စေခြင်း၊ ကျောင်းအတွင်းသို့ မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျောင်းအတွင်း ထားရှိပေးထားသော လက်ဆေးဘေစင်များတွင် စနစ်တကျ လက်ဆေးစေခြင်းများ ဆောင်ရွက်ပေးကြသည်။

နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးက “ ဒီနေ့က ကျောင်းစတင်ဖွင့်လှစ်တဲ့နေ့ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ သက်ဆိုင်ရာအတန်းကို ဝင်ရောက်နိုင်ဖို့ ဆရာ ဆရာမတွေက နေရာချထားပေးပါတယ်။ ဒီနှစ် စာသင်ကြားရေးအပိုင်းအနေနဲ့ နံနက်ပိုင်းတစ်သုတ်နဲ့ ညနေပိုင်း တစ်သုတ်ခွဲပြီး သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စာသင်ကြားချိန်ကိုတော့ အဓိကဘာသာရပ်တွေနဲ့ တွဲဖက်ဘာသာရပ်တွေအားလုံးကို သင်ကြားပေးသွားမှာပါ။ ဆရာ ဆရာမတွေအနေနဲ့ သင်ကြားပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော်တို့ကျောင်းအနေနဲ့ ဒီနေ့အထိ ကျောင်းတက်ရာခိုင်နှုန်းကတော့ ၉၀ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိနေပါပြီ။ ကျောင်းစဖွင့်တဲ့နေ့ကနေ စာသင်နှစ်တစ်နှစ်လုံးကို စည်းကမ်းကောင်းပြီး လိမ္မာယဉ်ကျေးတဲ့ ကလေးတွေဖြစ်အောင် မွေးထုတ်ပေးဖို့ ကျွန်တော်တို့ကျောင်းက ဆရာ/ ဆရာမတွေနဲ့ ဝန်ထမ်းတွေက ကြိုးစားနေပါတယ် ” ဟု ပြောသည်။

၂၀၂၁ – ၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက် နိုင်ငံတော်က မူလတန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံလေးချောင်းစီ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းစီ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများတစ်ဦးလျှင် ပြန်လည်အသုံးပြုနိုင်သည့် Mask နှစ်ခုစီ၊ Face Shield တစ်ခုစီတို့ကို ပံ့ပိုးထောက်ပံ့ပေးကြောင်း သိရသည်။



နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးနေစဉ်။

နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် တတိယတန်း တက်ရောက်မည့် ကျောင်းသားမိခင်တစ်ဦးက “ကျောင်းတွေဖွင့်ဖို့ သေချာစီစဉ်ပေးတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျောင်းမဖွင့်ခင်မှာတော့ အဆင်ပြေပါ့မလားဆိုပြီး စိုးရိမ်စိတ်ဖြစ်ခဲ့ပေမယ့် အခု ကျောင်းရောက်တဲ့အခါမှာ ကလေးတွေ ပျော်ရွှင်စွာနဲ့ ကျောင်းစာတွေ သင်ကြားနိုင်အောင် ဆောင်ရွက်ပေးထားတာကို တွေ့ရပါတယ်။ ကိုဗစ် – ၁၉ ရောဂါကလည်း ဖြစ်ပွားနေတဲ့ အချိန်ကာလဖြစ်တဲ့အတွက် ကျောင်းမှာ ကိုဗစ် – ၁၉ ရောဂါတားဆီးရေး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ စနစ်တကျ ဆောင်ရွက်ထားတာကိုလည်း တွေ့မြင်ရတော့ ကလေးတွေအတွက် စိတ်ချရပါပြီ။ ကျောင်းအပ်တဲ့အခါမှာလည်း မည်သည့်အခကြေးငွေမှမယူတဲ့အပြင် ဗလာစာအုပ်တွေ၊ ကျောင်းဖတ်စာအုပ်တွေ၊ ကျောင်းသုံးပစ္စည်းတွေကို နိုင်ငံတော်က ထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်”ဟု ပြောသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ် – ၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျ စီမံထားခြင်း၊ ကျောင်းကြို/ ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေး အစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ပဉ္စမတန်း တက်ရောက်မည့် ကျောင်းသားမိခင်တစ်ဦးက “ ကလေးတွေအတွက် ကျောင်းတွေပြန်ဖွင့်ဖို့ မျှော်လင့်နေခဲ့တာ ကြာနေပါပြီ။ အခုလို ကျောင်းတွေ ပြန်ဖွင့်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျောင်းမှာလည်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်တားဆီးရေးနည်းလမ်းတွေနဲ့အညီ စနစ်တကျ စီစဉ်ထားတာကို မြင်တွေ့ရပါတယ်။ ဒီနေ့က ကျောင်းစဖွင့်တဲ့နေ့ဆိုတော့ ကလေးတွေ သူငယ်ချင်းတွေနဲ့ ပြန်ဆုံတွေ့ခွင့်ရတာပေါ့။ နိုင်ငံတော်ကလည်း ခဲတံတွေ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေ၊ Mask နဲ့ Face Shield တွေကို ထောက်ပံ့ပေးပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ကျောင်းပတ်ဝန်းကျင်မှာ လုံခြုံရေးဆောင်ရွက်ပေးနေတာကို တွေ့ရတော့ ကလေးတွေအတွက် စိတ်ချရပါပြီ” ဟု ပြောသည်။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

လုလင်ငယ်

ဓာတ်ပုံ– အေးနော်

---

*စာမျက်နှာ ၂၀ မှ*

မီးရှို့ဖျက်ဆီး တိုက်ခိုက်လာသူများကို ဥပဒေနှင့်အညီ အရေးယူနေသည်မှာ မလုံလောက်ဟုပင် စာရေးသူ ထင်မြင်ယူဆမိသည်။ အကြမ်းဖက် လက်နက်ကိုင်ဆောင်သူ၊ အသုံးပြု၊ ကျူးလွန်သူတို့အား နောက်နောင် မလုပ်ရဲအောင်၊ နောက်ထပ်မလုပ်ဝံ့အောင် ပိုမိုပြင်းထန်သည့် အကြမ်းဖက် အထူးနှိမ်နင်းရေးတပ်ဖွဲ့နှင့် နှိမ်နင်းရန် စိတ်ကူးမိသည်။

### ချုပ်ငြိမ်းမည်မှာ သေချာ

မီးရှို့မှု၊ တိုက်ခိုက်မှု၊ ဗုံးကွဲမှု၊ သတ်ဖြတ်မှုများကို မြင်တွေ့ကြားသိနေရသမျှ ပြည်သူအများ စိုးရိမ်ထိတ်လန့်၊ စိတ်မလုံမခြုံဖြစ်ကြမည်။ ပြည်သူအများ စိတ်မလုံခြုံသည့်အခါ ပူးပေါင်းပါဝင်လာရန် တွန့်ဆုတ်နေမည်။ မြို့ရွာ၊ ပြည်သူများလုံခြုံရေးကို ထိထိရောက်ရောက်ကာကွယ်လာနိုင်သည်နှင့်အမျှ ပြည်သူများ ပူးပေါင်းပါဝင်မှု များလာမည်ဖြစ်သည်။ ပြည်သူများစိုးရိမ်ထိတ်လန့်မှုကို လျင်မြန်စွာ ဖြေဖျောက်ပေးပါက ပြည်သူများက ယုံကြည်အားကိုးပြီး ပူးပေါင်းပါဝင်မှု မြင့်မားလာကာ အမြန်ဆုံးတည်ငြိမ်အေးချမ်းသာယာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှု၊ စည်းလုံးရေးပျက်ပြားမှုကြောင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများမှာ ယခုမှဖြစ်လာသည် မဟုတ်ပေ။ လွတ်လပ်ရေးရပြီးကတည်းက ယနေ့တိုင်အောင် ဖြစ်ပေါ်လျက်ရှိသည်။

**အကြမ်းဖက်သောင်းကျန်းမှုဟူသည်မှာ ပြည်သူလူထုအများစု စက်ဆုပ်ရွံရှာ မနှစ်မြို့သောအလုပ်ဖြစ်၍ တစ်နေ့တွင် ချုပ်ငြိမ်းရမည်သာ ဖြစ်သည်။ တပ်မတော်က မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းမှုဟူသမျှတို့ကို အနိုင်ယူချေမှုန်းနိုင်ခဲ့သည်သာ ဖြစ်သည်။ ပြည်သူလူထု ပူးပေါင်းပါဝင်လျှင် အကြမ်းဖက်မှုမှန်သမျှ အမြန်ဆုံးချုပ်ငြိမ်းသွားမည်ဖြစ်သည်။ ရပ်ရွာများ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာလာမည်ဖြစ်**

အကြမ်းဖက်သောင်းကျန်းမှုဟူသည်မှာ ပြည်သူလူထုအများစု စက်ဆုပ်ရွံရှာ မနှစ်မြို့သောအလုပ်ဖြစ်၍ တစ်နေ့တွင် ချုပ်ငြိမ်းရမည်သာ ဖြစ်သည်။ တပ်မတော်က မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းမှုဟူသမျှတို့ကို အနိုင်ယူချေမှုန်းနိုင်ခဲ့သည်သာ ဖြစ်သည်။ ပြည်သူလူထု ပူးပေါင်းပါဝင်လျှင် အကြမ်းဖက်မှုမှန်သမျှ အမြန်ဆုံးချုပ်ငြိမ်းသွားမည်ဖြစ်သည်။ ရပ်ရွာများ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာလာမည်ဖြစ်သည်။ ။

# နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားသည့် မြင်ကွင်းများ

၂၀၂၁ ခုနှစ် ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို စတင်ဖွင့်လှစ်ရာ မြို့နယ်အချို့၌ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းတက်မှုနှင့် ပညာသင်ကြားနေမှုမြင်ကွင်းများကို စုစည်းဖော်ပြအပ်ပါသည်။



မြဝတီမြို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ကျောင်းတက်နေကြသည်ကို တွေ့ရစဉ်။ ထိန်လင်းအောင်(ပြန်/ဆက်)



ရမည်းသင်း အ.ထ.က (၁) တွင် ကျောင်းဆင်းလာကြသည့် ကျောင်းသားများကို တွေ့ရစဉ်။ မောင်စိန်လွင်



နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ကော့သောင်းမြို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ကျော်စိုး(ကော့သောင်း)



ဗဟန်းမြို့နယ် အ.ထ.က(၃)တွင် ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ အာကာစိုး



ကျောင်းကုန်းမြို့တွင် ကျောင်းသား ကျောင်းသူလေးများအား ကိုယ်အပူချိန်တိုင်းတာပေးနေမှုကို တွေ့ရစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)



ကျိုင်းတုံမြို့၌ ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)



မြောက်ဦးမြို့ အ.ထ.က (၁) ၌ ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မိုးမိတ်မြို့ အ.ထ.က (၂) တွင် ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မိုးမိတ်သား(စည်သူဌေး)



ဒလမြို့နယ် အ.ထ.က(၁)၌ ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ နိုင်လင်းကျော်(ပြန်/ဆက်)

# နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားသည့် မြင်ကွင်းများ



“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်နှင့် အဖွဲ့ ဟိုပန်မြို့၌ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစဉ်။ ခရိုင်(ပြန်/ဆက်)



မြစ်သားမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ မြမြမွန်(ပြန်/ဆက်)



ကျောက်ဖြူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ဖြိုးဝေလင်း



ကော့ကရိတ်မြို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ စောအောင်မျိုးလွင်(ပြန်/ဆက်)



နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အလံကို အလေးပြုရန် တန်းစီနေကြစဉ်။ ရှားဆက်(လဟယ်)



မိတ္ထီလာမြို့၌ ကျောင်းသား ကျောင်းသူများ လက်ဆေးနေမှုကို တွေ့ရစဉ်။ သိန်းမြင့်ကျော်(မိတ္ထီလာ)



မတ္တရာမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ စိုးကျော်သူထွေး(မတ္တရာ)



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မောင်ယဉ်ဦး



ကော့မှူးမြို့နယ် ၌ ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူလေးများကို တွေ့ရစဉ်။ မောင်အေးချမ်း

# ပြည်သူများ နေ့စဉ်စားသုံးနေသည့် အသား/ငါးများကို ရောဂါကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး မြိတ်မြို့ပေါ်ရှိ ဈေးများအား ရှောင်တခင်စစ်ဆေး

မြိတ် ဇွန် ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပြည်သူများ နေ့စဉ်စားသုံးနေသည့် အသား/ငါးများကို ရောဂါကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်မှုရှိစေရေးနှင့် ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးနိုင်စေရေး ရည်ရွယ်ချက်ဖြင့် ဇွန် ၁ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာ စုပေါင်းအဖွဲ့မှ မြို့ပေါ် ဈေးများရှိ အသား/ငါးများ ရောင်းချလျက်ရှိသည့် ဈေးဆိုင်များအား ရှောင်တခင် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

"အခုကတော့ ဈေးတွေမှာ အသား/ငါးတွေ တည်ခင်းရောင်းချတဲ့အခါမှာ ဘေးအန္တရာယ် ကင်းရှင်းဖို့နဲ့ ကောလာဟလကြောင့် ပြည်သူလူထုတွေ စိုးရိမ်ထိတ်လန့်မှုတွေ မရှိစေဖို့၊ ပြည်သူလူထုတွေ စားသုံးတဲ့ အစားအသောက်တွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ ကြပ်မတ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ စစ်ဆေးတဲ့အခါမှာ ရောဂါဖြစ်ဖွယ် သံသယရှိတာ မတွေ့ရှိရပါဘူး"ဟုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကြည်စိုးက ပြောသည်။

ရှောင်တခင် စစ်ဆေးဆောင်ရွက်ခြင်းကို မြို့ပေါ်ဈေးများဖြစ်သော တပ်ပြင်ဈေး၊ ဆိပ်ငယ်ဈေး၊ နောက်လယ်ဈေး၊ သီရိမင်္ဂလာဈေး၊ သီဟဇေယျာဈေး၊ အောင်မင်္ဂလာဈေးတို့တွင်အသား/ငါးများရောင်းချလျက်ရှိသည့် ဈေးဆိုင် ၅၀ ခန့်အား စစ်ဆေးခဲ့ကြရာ သံသယဖြစ်ဖွယ် အသား/ငါးများ ရောင်းချခြင်း မရှိကြောင်း သိရသည်။ ထိုသို့စစ်ဆေးဆောင်ရွက်ခြင်းကို အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဈေးကော်မတီများမှ တာဝန်ရှိသူများက ရှောင်တခင် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(မြိတ်ပြန်/ဆက်)




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉(က)၊ မြေကွက်အမှတ် ၄၅၀/၃၊ မြသီတာလမ်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၅၀)ရှိ နှစ် (၆၀) ဂရန်မြေအနက် တရားဝင်မခွဲစိတ်ရသေးသော အကျယ် အဝန်း ပေ(၂၀x ၅၀)(ခေါင်းရင်းခြမ်း)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက် ဒေါက်တာ စိုးစိုးဝင်း ၁၂/မဂတ(နိုင်)၀၃၇၂၀၃ ထံမှ လက်ဆင့်ကမ်းဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဦးအောင်ဋ္ဌေး ၁၂/ကတန(နိုင်)၀၄၃၀၅၇ ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင်(LL.B)
အထက်တန်းရှေ့နေ(စဉ်- ၄၃၄၅၀)
အမှတ် ၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း ၃၉(A)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်
ဖုန်း- ၀၉- ၄၂၂၄၄၉၄၂၂၊ ၀၉- ၆၉၃၅၆၃၇၈၅

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-II)၊ ကွက်ပြင်-၂၊ ဦးပိုင်အမှတ်(၃၃/၁၅၇)၊ မြေယာနံပါတ်(50-B)၊ ဧရိယာ(၀.၀၉)ဧကဟုခေါ်တွင်သော ဂရန်မြေကွက်နှင့်အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်များကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မို့မို့သွယ်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆုံးခန်းတိုင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကြည်(LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊အောင်နန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၂)၊ ဦးပိုင်အမှတ်(၁၀၂)၊ မြေဧရိယာ (၀ဒသမ၁၁၀) ဧကရှိမြေကွက်အား မူလက ဒေါ်တရုတ်မပါ (၃)ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၄/ v(၂၀၁၄-၂၀၁၅) အရ (၅-၁-၂၀၄၅) အထိ နှစ် ၃၀ ဂရန် ရရှိထားပါသည်။ ယခုအခါ ဒေါ်တရုတ်မ(ခ)စုစုအေးပါ (၃)ဦးအမည်နှင့် ၎င်းတို့၏မြေး/သားသမီးများ တော်စပ်သည့် မောင်အောင်ကောင်းမြတ်၊ မောင်ရဲမာန်အောင်၊ မဆုရတီထွန်းတို့ (၃)ဦး အမည်ဖြည့်စွက်၍ ဒေါ်တရုတ်မ(ခ)စုစုအေး ပါ(၆)ဦး အမည်တို့ဖြင့် မြေငှားဂရန် (အမည်ဖြည့်စွက်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အမည်ဖြည့်စွက်)အား ဆောင်ရွက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့် သဲကုန်းမြို့နယ်ရှိ အောက်ဖော်ပြပါ နေရာများတွင် မြေငှားဂရန်အမည်ပြောင်းနှင့် သက်တမ်းတိုးရရှိရေး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှား ဂရန်များခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးထွန်းမင်း | ဦးစိန်ဝင်းပါ (၁၄)ဦး | ၄၀၄A/တိုးချဲ့စက်မှုဇုန် | ၃၁၆၊ ၃၁၇ | ၀ဒသမ၄၆၀ | နဝဒေး | ပြောင်း |
| ၂ | ဦးထွန်းမင်း | ဦးစိန်ဝင်းပါ (၁၄)ဦး | ၄၀၄A/တိုးချဲ့စက်မှုဇုန် | ၃၀၈၊ ၃၀၉ ၃၁၀၊ ၃၁၁ | ၀ဒသမ၉၂၀ | နဝဒေး | ပြောင်း |
| ၃ | ဦးထွန်းမင်း | ဦးစိန်ဝင်းပါ (၁၄)ဦး | ၄၀၄A/တိုးချဲ့စက်မှုဇုန် | ၃၁၄၊ ၃၁၅ | ၀ဒသမ၄၆၀ | နဝဒေး | ပြောင်း |
| ၄ | ဦးထွန်းမင်း | ဦးစိန်ဝင်းပါ (၁၄)ဦး | ၄၀၄A/တိုးချဲ့စက်မှုဇုန် | ၃၀၆၊ ၃၀၇ ၃၁၂၊ ၃၁၃ | ၀ဒသမ၉၂၀ | နဝဒေး | ပြောင်း |
| ၅ | ဒေါ်ခင်နု | ဒေါ်စန်းစန်းထွေး | ၁၆C/မီနီဂေါက်ကွင်း | ၈က | ၀ဒသမ၁၂၁ | ခေတ္တရာ | ပြောင်း |
| ၆ | ဦးအောင်သန်း | ဦးကျော်ဇင်ထွန်း | -/၂၉B/ဆင်မြီးဆွဲမီးရထားမြို့မြေအရှေ့ | ၂၄ | ၀ဒသမ၁၅၃ | အောင်ရတနာ | တိုး |

ကော်လိတ္တော်အရာရှိ
ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အမှတ် (ပ-၂၁၇၈၆)၊ ဒေါ်လှလှဝင်း ၁၂/စခန(နိုင်)၀၂၂၇၉၈ (ဘ)ဦးချစ်ထွေး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်ရီရီ ပြုံး ၆/ထဝန(နိုင်)၀၀၀၄၇၀ (ဘ)ဦးဘသန်းစိန်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၆၃/၂၀၂၀) တင်ပြ၍ ဦးမျိုးမြင့် ၃/လဘန(နိုင်)၀၃၁၂၄၆၊ ဒေါ်ရီရီပြုံး ၆/ထဝန(နိုင်)၀၀၀၄၇၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊အမှတ် (၁) ရပ်ကွက်၊ သမိုင်း (၄)လမ်း၊ အမှတ် (၇၂၀) ဟု ခေါ်တွင်သည့် (၂) ခန်းတွဲ (၃½) ထပ် ကန်ထရိုက်တိုက်၏ (အဆိုပါတိုက်ဘက်သို့ အရှေ့တည့်တည့်မှနေ၍ မျက်နှာမူလျှင်) ဝဲဘက်ခြမ်းအပေါ်ဆုံးထပ်ဖြစ်သော ဒါဘာတိုက်ခန်း နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကာ လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း **ဒေါ်သီတာဝင်း (၁၂/လသန (နိုင်) ၀၀၀၂၈၈)** က ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းသည့် အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်ဆုပြည့်မွန် (၁၂/လမန (နိုင်) ၁၆၆၈၉၂)** က အဆိုပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
***ဦးအောင်ခိုင်ဖေ (LL.B)*** ***ဦးဟိန်းထိုက်ဇော် (LL.B)***
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၃၈)** **အထက်တန်းရှေ့နေ (စဉ်-၄၈၆၄၈)**
အမှတ် (၃၄/ခ)၊ ကျောင်းကုန်း (၂) လမ်း၊ (၇) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉ - ၇၉၅၅၅၄၇၇၆၊ ၀၉ - ၂၆၀၆၉၀၁၃၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြု ရန်ပုံငွေဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူ ဝယ်ယူမည့်ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ (၉)မျိုးအား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဒုတိယအကြိမ် ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ၁၉-၅-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၁-၆-၂၀၂၁ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်ရက်ကို အချိန်မီအကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၁၇၇ နှင့် ၀၆၇-၃၄၀၈၄၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

## စာအုပ် စာပေ လူ့မိတ်ဆွေ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါဖျက်သိမ်းခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)မှ ယူရီးယားဓာတ်မြေသြဇာ (၃၀၀၀)တန်အား ၃-၆-၂၀၂၁ရက်တွင် ဖွင့်လှစ်ရောင်းချမည့် အိတ်ဖွင့်တင်ဒါအတွက် ထုတ်လုပ်မှုနှင့် လက်ကျန်အခြေအနေအရ ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက(ခွဲ) မူယာပင် တတိယတန်း(A) မှ မရှင်းရှင်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးသိန်းမြင့်ငွေ ၈/ပမန (နိုင်) ၁၂၁၉၉၄ ဖြစ်ပါကြောင်း။

ဦးသိန်းမြင့်ငွေ

## ဖခင်အမည်မှန်

စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက် အထက (၃)ကျောင်း Grade-6 မှ မောင်ရဲမြတ်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုးထွန်း ၁၁/ပတန(နိုင်)၀၅၀၂၄၅ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပါဒလိတ်ကျေးရွာနေ ဦးဂျိုးဇက်၏သမီး မသဇင်အေး ၁၁/စတန(နိုင်) ၁၃၄၇၆၁ အား မအေးရတီကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ထိန်မင်းဦး CDC 45416 ၏ သင်္ဘောသား SID ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၂၇၀၆၄

## အမည်မှန်

ဘားအံမြို့နေ ဦးစိုးမြင့်အောင် ၃/ဘအန(နိုင်)၁၆၉၂၃၂-ဒေါ်နန်းဝေဝေ မြင့် ၃/ဘအန(နိုင်)၁၆၉၀၁၉၏သမီး အထက (၁) ဘားအံ Grade-6 မှ နန်းမြတ်မြတ်ဖြူ၏ အမည်မှန်မှာ နန်းမြတ်ဖြူစင် ဖြစ်ပါကြောင်း။

နန်းမြတ်ဖြူစင်

## ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ အမက (ထုံးအိုင်) Grade-4 အောင်မှ မဇာနည်မိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်းစိုး ၁၀/ဘလန(နိုင်)၀၉၆၂၀၇ ဖြစ်ပါကြောင်း။

ဦးကျော်လင်းစိုး

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ ပွဲဆည်ကျေးရွာနေ ဦးကျော်အေး၏သမီး မဇာခြည်ထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၁၉၉၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ မကျီးကုန်း (အလက) Grade-7 မှ မအိဖြိုး၏ဖခင် ဦးစိုးနိုင်၏ အမည်မှန်မှာ ဦးနိုင်ဦး ၉/တသန (နိုင်)၁၁၅၅၀၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ.၃၀၄၆၉)ဦးဝင်းထိန် ၉/ပမန(နိုင်)၀၀၆၃၂၃(ဘ)ဦးငွေအောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ် ကြည်ရွှေ ၅/ကနန(နိုင်) ၀၂၄၄၉၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သင့် စီးပွားရေးလုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်းသတင်းစာတွင်
ကြော်ငြာစို့

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ပြည်ခရိုင်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၀၄

ဦးဟိန်းထက်အောင် နှင့် ဒေါ်သီရိ
**တရားလို** **တရားပြိုင်**

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အမှတ်(၁၅)နေ ကျော်တန်းလမ်း "အောင်"လျှပ်စစ်ပစ္စည်း ဆိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဟိန်းထက်အောင်က ကူညီထုတ်ပေးထားသော ငွေကျပ် ၁၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာတိတိ)နှင့် နစ်နာကြေးငွေကျပ် ၂၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ဆယ်တိတိ)စုစုပေါင်းငွေကျပ်-၁၂၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာ့နှစ်ဆယ်တိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် ဇွန် ၁၇ရက် (၁၃၈၃ ခုနှစ် နယုန် လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှမြတ်မွန်)
ဒုတိယခရိုင်တရားသူကြီး(၃)
ပြည်ခရိုင်တရားရုံး

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၇)ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၁ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု**

ဆ - ၇၁၃၄၁၈

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု**

ဏ - ၃၃၉၇၉၄

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

ဍ - ၂၉၂၇၄၂ ဒ - ၅၄၈၉၀၇
ဏ - ၃၁၃၈၁၅ ဈ - ၆၆၉၁၁၇
ဏ - ၃၄၄၃၀၇ င - ၇၉၆၄၆၈
ဠ - ၅၁၉၇၄၄ ဒ - ၉၂၂၀၀၂

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

စ - ၂၂၃၉၂၈ ဂ - ၄၈၅၂၄၀
တ - ၂၄၈၇၃၇ ဃ - ၆၅၄၂၁၄
ခ - ၄၀၁၅၄၆ တ - ၈၄၂၇၀၄
ဓ - ၄၅၉၂၀၈ န - ၈၆၇၁၂၂

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုးအားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု( ၁ )ဆု

ပ-၉၈၃၂၇၁

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

ပ - ၁၂၇၁၀၀ စ - ၃၇၆၀၀၈
န - ၁၈၆၈၇၈ ဈ - ၅၀၅၃၀၆
ဓ - ၂၀၂၅၉၃ ဍ - ၇၁၃၈၄၉
ဃ - ၃၀၃၉၄၅ ည - ၈၃၀၅၀၀
ပ - ၃၂၁၆၀၂ င - ၉၆၅၀၂၉

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

ဍ - ၂၆၇၀၆၄ တ - ၆၆၄၃၇၈
ဂ - ၃၂၁၂၆၆ စ - ၈၀၂၁၃၄
ဌ - ၃၃၅၄၇၄ ခ - ၈၀၇၁၃၈
ဍ - ၅၅၈၁၁၃ ဠ - ၈၇၁၈၀၃
င - ၆၁၀၉၂၇ ဓ - ၉၆၃၃၀၀

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

ခ - ၁၁၄၄၀၃ တ - ၄၆၅၅၅၁ က - ၇၅၅၉၀၅
ဍ - ၁၃၅၄၅၅ ည - ၄၇၅၉၅၃ ဈ - ၈၂၄၈၀၈
ဆ - ၃၁၉၀၅၉ ဂ - ၅၅၃၉၂၉ စ - ၉၉၆၄၄၇
ဂ - ၄၂၁၁၉၃ တ - ၅၆၃၃၂၄

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုးအားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀)ဆု( ၁ )ဆု

စ-၁၂၀၉၁၂

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀)ဆုများ**

ဂ - ၁၀၁၉၆၁ ခ - ၃၂၁၂၃၉ ဆ - ၇၇၅၅၅၈
င - ၁၁၄၃၁၅ ဒ - ၄၀၂၃၀၁ င - ၈၁၉၁၈၂
ဒ - ၁၉၂၃၃၇ ဏ - ၅၈၆၂၄၆ ဓ - ၈၅၇၆၆၂
ဈ - ၁၉၇၂၄၃ ထ - ၇၇၃၉၃၃ ဂ - ၉၅၄၅၉၁
တ - ၂၇၈၅၄၉

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုးအားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် (၁၀)သိန်း( ၁ )ဆု

ထ-၅၇၂၂၃၈

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ**

ဂ - ၂၃၁၇၂
က - ၅၉၇၁၇
ဃ - ၈၈၇၃၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆု**

ခ - ၅၅၄၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ**

တ - ၁၁၄
ဏ - ၁၇၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

**ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆု**

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုးအားပြန်လည်အစားထိုးဖွင့်လှစ် ပေးသည့် ကျပ်ငါးသောင်း ( ၁ )ဆု

ဂ-၉၂

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သောဆုမဲများ

**အထူးဆုကြီး ကျပ်သိန်း(၁၀၀၀)ဆု**

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုးအားပြန်လည် အစားထိုးဖွင့်လှစ် ပေးသည့် ကျပ် သိန်း(၁၀၀၀)ဆု(၁ )ဆု စ - ၉၂၃၃၇၁

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀)ဆုများ**

ပ - ၂၂၃၅၀၃ န - ၅၈၈၅၀၆ ဆ - ၆၅၈၇၆၇ ဏ - ၇၁၄၈၇၄

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုးအားပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၁၀)ဆု( ၁ )ဆု

ဍ - ၈၅၃၁၈၀

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု**

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသောဆု မဲ စုစုပေါင်းတန်ဖိုးအား ပြန်လည် အစားထိုးဖွင့်လှစ် ပေးသည့် ကျပ် သိန်း(၅၀)ဆု( ၁ )ဆု ခ - ၁၈၂၁၅၄

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ**

ဌ - ၃၂၁၃၀
ဌ - ၈၄၃၁၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ- ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ**

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ-ကျပ်(၂)သိန်း

ဍ - ၅၃၇၈
ဒ - ၆၁၅၆

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ**

ဒ - ၁၂၇ ဂ - ၁၄၇ အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ-ကျပ်(၁)သိန်း

၁။ ၂၀၂၁ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၂၇) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ( ၄၃၉၄ )ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင်ကျင်းပမည့် (၂၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီလက်မှတ်များကို (က)အက္ခရာမှ ( တ ) အက္ခရာထိ၊ အက္ခရာ( ၁၆ )လုံး ခွဲဝေရောင်းချမည်ဖြစ်သော်လည်း ကနဦး အက္ခရာ ( က ) မှ ( ည ) အက္ခရာထိ အက္ခရာ( ၁၀ ) လုံး ဖြန့်ဝေ ရောင်းချပေးသွားမည်ဖြစ်ပါသည်။


၃။ (၂၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၆-၂၀၂၁)ရက်နေ့မှစတင်၍ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၇-၆-၂၀၂၁)ရက်နေ့မှစ၍ လက်ခံဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုခမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကွင်း၊ ၁ ကွင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကွင်း၊ ၁ ကွင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကွင်း၊ ၁ ကွင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကွင်း ၁ ကွင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ
## မန္တလေးမြို့
## စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ
## Swiss Challengeခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း Video Surveillance Monitoring System ဆောင်ရွက်ရန်အတွက် Swiss Challenge ကို အောက်ပါအစီအစဉ်အတိုင်း ခေါ်ယူမည်ဖြစ်ပါသည်–

(က) **စီမံကိန်းအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်** – (၃-၆-၂၀၂၁)

(ခ) **စီမံကိန်းအဆိုပြုလွှာ လျှောက်လွှာပိတ်မည့်ရက်** – (၂၂-၆-၂၀၂၁)

(ဂ) **စီမံကိန်းအဆိုပြုလွှာ လျှောက်လွှာတင်သွင်းမည့် ရမည့်ရက်** – (၂၃-၆-၂၀၂၁)

(ဃ) **စီမံကိန်းအဆိုပြုလွှာ တင်သွင်းရမည့်နေရာ** – လမ်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်း၃၀၊ ၇၀x၇၁လမ်းကြား ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

၂။ စီမံကိန်းနှင့်ပတ်သတ်၍အသေးစိတ်အချက်အလက်များသိရှိလိုပါက လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း–၀၂-၄၀၃၉၁၈၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့အတွင်း အောင်ရတနာရပ်ကွက်၊ ကွင်းအမှတ်(၃-ရန်ပယ်တောင်)၊ ဦးပိုင်အမှတ်(၁၃၈၊ ၂၀၅)၊ ဧရိယာ ၀ ဒသမ ၀၆၀ဧကအား ဒေါ်အေးအေးသင်းမှ လူနေထိုင်ရန် မြေဂရန်အသစ်အားလည်းကောင်း၊ ကန်သာရပ်ကွက်၊ ကွင်းအမှတ်(၂၀၊ ကန်သာအနောက်မြောက်)၊ ဦးပိုင်အမှတ်(cs-၃၃/၉၊ ၃၆)၊ ဧရိယာ ၀ ဒသမ ၀၇၂ဧကအား ဒေါ်ခင်သန္တာအောင်မှ မြေဂရန်ခွဲစိတ်အမည်ပြောင်းလျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာမှုအပေါ် မည်သူမဆိုခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်လိုပါက မကွေးခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေငှားဂရန်လျှောက်ထားမှုများအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ (၁၀)လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြား၊ ရိပ်သာဝင်းအတွင်း၊ အမှတ်(၂၅)အထက်တန်း ကျောင်းတောင်ဘက် No.C-2 ThanToeAung Mobile Phone Services & Training ဦးသန်းတိုးအောင် ၆/ကသန(နိုင်)၀၇၁၀၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

အထက်ပါ ThanToeAung Mobile Phone Services & Training လိပ်စာကတ်အား Save ယူအသုံးပြု၍ လူမှုကွန်ရက်များပေါ်တွင် အကောင့်တုများဖြင့် WAVE Money, KBZ Pay အစရှိသည့် ငွေထုတ်/ငွေလွှဲများ ပြုလုပ်ပြီး လိမ်လည်သူများ ပေါ်ပေါက်နေပါသည်။ ThanToeAung ဖုန်းသင်တန်းမှ ငွေထုတ်၊ ငွေလွှဲအစရှိသော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ လုံးဝ(လုံးဝ) မလုပ်ပါ။ ThanToeAung လိပ်စာ ကတ်အားသုံးစွဲ၍ လိမ်လည်သူများနှင့် သက်ဆိုင်ပတ်သက်ခြင်းမရှိပါ။ လိမ်လည် သူများကို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဆွေဆွေမြင့်** | **ဒေါ်ကေသီထွန်း** |
| **(LL.B, D.B.L, D.I.L)** | **(LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်–၁၁၁၈၆** | **စဉ်–၈၈၄၄** |

**အမှတ်(ဏ–၃၀/၉)၊ ၇၀x၇၁လမ်းကြား၊ ၃၀x၃၁လမ်းကြား၊**
**တံခါးနီးဝန်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–၀၉-၅၄၁၄၄၁၅၊ ၀၉-၄၂၁၇၁၇၁၄၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ဃ/၆၂၁၇၂ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထိုက် ၁၀/သဖရ(နိုင်)၀၈၁၈၀၃က(ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)**

## ယာဉ်အမှတ်(4L/5588-ALPHARD) အမျိုးအစားမော်တော်ယာဉ်အား ယူဆောင်ထွက်ပြေးသွားသူ ဦးဟိန်းမြတ်စိုး(ဘ) ဦးမြသိန်း ၆/ကသန(နိုင်)၀၃၈၉၂၆ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီတွင် Admin Manager ရာထူးဖြင့် အလုပ်လုပ်ကိုင်လျက်ရှိသူ ဦးဟိန်းမြတ်စိုးသည် ၎င်းထံသို့ မော်တော်ယာဉ်ပြင်ဆင်ရန်အတွက် ယုံကြည်စွာပေးအပ်ထားခဲ့သည့် ကုမ္ပဏီပိုင်ယာဉ်အမှတ် 4L/5588–ALPHARD အမျိုးအစား 2008 Model အနက်ရောင်မော်တော်ယာဉ်အား Toyota မော်တော်ယာဉ်ပြုပြင်ရေးစင်တာသို့ သွားရောက်အပ်နှံခြင်းမရှိဘဲယူဆောင်၍ ထွက်ပြေးတိမ်းရှောင်လျက် ရှိကြောင်းနှင့် ဦးဟိန်းမြတ်စိုးထံသို့ သက်တမ်းတိုးဆောင်ရွက်ပေးရန်အတွက် ယုံကြည်မှုဖြင့် ပေးအပ်ထားသော အောက်ဖော်ပြပါ ကုမ္ပဏီပိုင်မော်တော်ယာဉ်များ၏ ယာဉ်ပိုင်ဆိုင်မှုစာအုပ်မူရင်းများနှင့် စာရွက်စာတမ်းမူရင်းများအား ၎င်းနှင့်အတူ တစ်ပါတည်းယူဆောင်ထွက်ပြေးတိမ်းရှောင်လျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီပိုင် အောက်ဖော်ပြပါယာဉ်ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် ယာဉ်အမှတ် 4L/5588–ALPHARD အမျိုးအစား အနက်ရောင်မော်တော်ယာဉ်တို့သည် ကုမ္ပဏီဝန်ထမ်း ဦးဟိန်းမြတ်စိုးမှ ပိုင်ဆိုင်ခြင်းမရှိဘဲ ယုံကြည်မှုအလွဲသုံးစားပြုလုပ်ရယူသွားခဲ့သည့် ပစ္စည်းများဖြစ်သောကြောင့် ဦးဟိန်းမြတ်စိုးသည် တရားဝင်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခွင့်မရှိကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မှ တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်မရှိကြောင်း အသိပေးအပ်ပါသည်။ အောက်ပါယာဉ်ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် ယာဉ်အမှတ် 4L/5588–ALPHARD အမျိုးအစားအနက်ရောင်မော်တော်ယာဉ်တို့အား ဦးဟိန်းမြတ်စိုးထံမှ လွှဲပြောင်းရယူထားကြောင်းတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

၁။ ယာဉ်အမှတ် 4L/5588–ALPHARD အမျိုးအစား(အနက်ရောင်)ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော်တော်ယာဉ်ဝယ်ယူခဲ့သည့်စာချုပ်မူရင်း။

၂။ ယာဉ်အမှတ် 9G–4068–Toyota Bb အမျိုးအစား(အနက်ရောင်) ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော်တော်ယာဉ်ဝယ်ယူခဲ့သည့်စာချုပ်မူရင်း။

၃။ ယာဉ်အမှတ် 1L–3333–BMW–X1 အမျိုးအစား(အဖြူရောင်) ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော် တော်ယာဉ်ဝယ်ယူခဲ့သည့်စာချုပ်မူရင်း။

၄။ ယာဉ်အမှတ် 6Q–7183–SUZUKI CIAZ အမျိုးအစား(အညိုရောင်) ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော်တော်ယာဉ်ဝယ်ယူခဲ့သည့်စာချုပ်မူရင်း။

၅။ ယာဉ်အမှတ် 1R–2823–HINO DUTRO အမျိုးအစား(အဖြူရောင်) ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော်တော်ယာဉ်ဝယ်ယူခဲ့သည့်စာချုပ်မူရင်း။

၆။ ယာဉ်အမှတ် 2P–7164–MITISUBISHI CANTER အမျိုးအစား(အဖြူရောင်) ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော်တော်ယာဉ်ဝယ်ယူခဲ့သည့်စာချုပ်မူရင်း။

၇။ ယာဉ်အမှတ် 5E–2284–MITISUBISHI CANTER အမျိုးအစား(အဖြူရောင်) ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော်တော်ယာဉ်ဝယ်ယူခဲ့သည့်စာချုပ်မူရင်း။

၈။ ယာဉ်အမှတ် 1K–3149–MITISUBISHI CANTER အမျိုးအစား(အဖြူရောင်) ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော်တော်ယာဉ်ဝယ်ယူခဲ့သည့်စာချုပ်မူရင်း။

၉။ ယာဉ်အမှတ် 9F–3984–TOYOTA DYNA အမျိုးအစား(အဖြူရောင်) ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်အာမခံစာအုပ်မူရင်းနှင့် မော်တော်ယာဉ်ဝယ်ယူခဲ့သည့် စာချုပ်မူရင်း။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာလွင်(LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)**
**အမှတ်–၁၉၂၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ၊**
**ဖုန်း–၀၉-၅၁၈၉၆၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါနေရာများတွင် မြေငှားဂရန်အသစ်/အမည်ပြောင်းလျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်–

| စဉ် | အမည် | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ |
|---|---|---|---|---|
| ၁။ | ဒေါ်ခင်သန်းဝင်း | ၄/ရန်ပယ်မြောက် | ၃၂၇ | ၀.၀၉၉ |
| ၂။ | ဦးမြင့်ဆွေ | ၁/ရန်ဝေးနောက် | ၁၃၁ | ၀.၀၆၀ |
| ၃။ | ဦးတေဇာလင်း | ၁၆၁၂-ကံသာမြောက် | ၆၀/၂-က | ၁.၃၀ |
| ၄။ | ဦးမောင်မောင်မြင့် | ၁၆၄၂-ခကံလှတောင် | ၈၇/၂ | ၀.၇၅ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် (၄၂)၊ အကျယ်အဝန်း(၃၃x၆၇)ပေပေါ်တွင် ဆောက်လုပ်ထားသောတိုက်ကို မျက်နှာမူလျှင် ညာဘက်အခြမ်းမြေညီထပ်၊ အမြင့် ၁၄ပေ၊ အကျယ်အဝန်း ၁၅ပေ x ၅၆ပေ၊ ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်မီတာအပါအဝင် တိုက်ခန်းနှင့်ဆက်စပ်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူဒေါ်သင်းသင်းစိုး ၁၂/လမန(နိုင်)၁၀၁၈၄၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်နိုင် ၁/မကန(နိုင်)၀၃၁၈၆၈မှ ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ ထက်ဝက်ကျော်ကို အရစ်ကျဖြင့်ပေးချေထားရာ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဖြိုးလတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၀၅)**
**အမှတ်၁/ခ၊ အောင်ရတနာလမ်း၊ မြေညီထပ်၊**
**၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉-၇၇၀၀၅၂၁၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၀၊ မြေကွက်အမှတ်–၂၅၊ မြေကွက်တည်နေရာအမှတ်–၁၊ ဧကရာဇ်လမ်း၊၁၁၀-ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်သန်းသန်းအေးမောင် ၁၂/တတန(နိုင်)၀၂၄၅၅၅ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းအေးမောင် ၁၂/တတန(နိုင်)၀၂၄၅၅၅ ဇနီးကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးရဲထွန်း ၁၂/တတန(နိုင်)၀၅၃၉၈၃မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်းနှင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုး နှစ်ထပ်အိမ်အဆောက်အအုံ တစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေပါသည်။ သို့ဖြစ်ပါ၍ ဦးရဲထွန်းမှ နှစ်(၆၀)ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်ထားမြင့်(ဘ) ဦးမောင်စန်း ၁၀/ပမန(နိုင်)၀၀၁၉၁၉ နှင့် အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒါရပ်ကွက်၊သမိန်ဗရမ်းလမ်းနေ ဦးချစ်ပို၏သား ၁၀/ပမန(နိုင်)၁၀၁၃၃၈ ကိုင်ဆောင်သူ ဦးသန်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွေးနှင့် ဦးတင်အောင်စိုး(ကွယ်လွန်)–ဒေါ်ခင်ထားမြင့်တို့၏သမီး မအိချမ်းမွန်တို့သည် လွန်ခဲ့သည့်၂၀၁၄ခုနှစ်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်ထိမ်းမြားလက်ထပ်ခဲ့သော ဇနီးမောင်နှံများ ဖြစ်ကြပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွေးသည် ကိုရီးယားနိုင်ငံတွင် တရားဝင်အလုပ်လုပ်ကိုင်၍ ရရှိသောလခများကို ဇနီးလောင်း မအိချမ်းမွန်အား တရားဝင်လုပ်ခများပို့ပြီးမှ၂၀၁၄ခုနှစ်တွင် မင်္ဂလာဆောင်ခဲ့ခြင်းဖြစ်သည်။ ကွယ်လွန်သူ ဦးတင်အောင်စိုးနှင့် ဒေါ်ခင်ထားမြင့်တို့အား စုဆောင်းငွေများကိုပေး၍ ဝယ်ယူခဲ့သောမြေကွက်ဖြစ်ပါသည်။ လက်ထပ်ထိမ်းမြားသည့်အခါတွင် ဦးတင်အောင်စိုးနှင့် ဒေါ်ခင်ထားမြင့်တို့က မွန်ပြည်နယ်၊ သထုံခရိုင်၊ပေါင်မြို့နယ်၊ကဒါရပ်ကွက်၊အကွက်အမှတ်(၁၀)၊ကွင်းအမည်–ကဒါပိုင်ကွင်း၊ ဦးပိုင်အမှတ်(၁၈၇/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၄၀ ဧကအနက်မှ ၀ ဒသမ ၀၂၄ဧကရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပေါင်မြို့နယ်၊ စာချုပ်စာတမ်းဦးစီးဌာန၊ စာချုပ်အမှတ်–၆/၂၀၁၄၊ ရက်စွဲ ၂၀-၂-၂၀၁၄ရက်နေ့တွင် မင်္ဂလာလက်ဖွဲ့အဖြစ် ဇနီးဖြစ်သူ မအိချမ်းမွန်အား မေတ္တာဖြင့် အပိုင်ပေးစာချုပ်ချုပ်၍ ပေးကမ်းခဲ့ပါသည်။ အဆိုပါပေးကမ်းသည့်မြေတွင် ကျွန်ုပ်၏အမှုသည် ငွေကြေးဖြင့် ဆိုင်ခန်းများဆောက်လုပ်ကာ ကျွန်ုပ်၏အမှုသည်လည်း ယခုလက်ရှိနေထိုင်လျက်ရှိပါသည်။ ကျွန်ုပ်၏အမှုသည်၏ဇနီး မအိချမ်းမွန်မှာ၁-၁-၂၀၂၁ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျန်ရစ်သူ ခင်ပွန်းဦးသန်းထွေးက တရားဝင်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့် ဆိုင်ခန်းများသည် ဒေါ်ခင်ထားမြင့် တရားဝင်ပိုင်ဆိုင်သောမြေကွက်နှင့် ဆိုင်ခန်းများ မဟုတ်ဘဲ ကျွန်ုပ်၏အမှုသည်ကသာလျှင် တရားဝင်ပိုင်ဆိုင်ခံစားခွင့်ရှိပြီး ကျွန်ုပ်အမှုသည်သိရှိခြင်းမရှိဘဲ အဆိုပါခြံမြေကွက်နှင့် ဆိုင်ခန်းများအား ရောင်းချ၊ဝယ်ယူ၊ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် ဒေါ်ခင်ထားမြင့်နှင့်အများသိရှိရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **ဒေါ်မြင့်မြင့်မော်(စဉ်–၄၄၃၈)** |
| **ဦးသန်းထွေး** | **(LL.B) တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၆)၊ ကျိုက်ဖနဲဘုရားအနီး၊** |
| | **ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့၊** |
| | **ဖုန်း–၀၉-၄၂၅၂၉၄၆၉၅** |

## အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ စည်ပင်အိမ်ရာ၊ တိုက်အမှတ်B–24၊ အခန်း–03နေ ဦးစိုးမင်းဦး–ဒေါ်သန်းသန်းဝင်း၏ သမီး မပိုးအိခန့်ခြိမ့်အား မလဝန်းယသော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၊ မြေကွက်အမှတ်၆၄၊ မြေဧရိယာ ၀ဒသမ ၁၇၆ဧက၊ မြေကွက်တည်နေရာ အမှတ်၆၄၊ မြခွာညိုလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ဆွေသဇင် ၁၂/လမန(နိုင်)၀၃၃၈၂၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၂၀၁၇ခုနှစ်တွင် ဒေါ်ဆွေသဇင်မှ အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းအရောင်းမြေပုံမူရင်းသည် ပျောက်ဆုံးသွားကြောင်း ၂၀-၁-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၊ မြေကွက်အမှတ်၆၉၊ မြေဧရိယာ ၀ဒသမ ၁၅၇ဧက၊ မြေကွက်တည်နေရာအမှတ်၆၉၊ မြခွာညိုအိမ်ရာစီမံကိန်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ဆွေသဇင် ၁၂/လမန(နိုင်)၀၃၃၈၂၈အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၂၀၁၇ခုနှစ်တွင် ဒေါ်ဆွေသဇင်မှ အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းအရောင်းမြေပုံမူရင်းသည် ပျောက်ဆုံးသွားကြောင်း ၂၀-၁-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## လေလံရောင်းချရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မောင်ကျန်သီးလမ်း၊ အမှတ်(၈၂/ ၈၄)ရှိ Mr.Yang Yong Mo(ကိုရီးယားလူမျိုး) ပိုင်ဆိုင်သော Kim So Young Co.,Ltd စက်ရုံရှိ အလုပ်သမားများ၏ လုပ်ခလစာ၊ လုပ်သက်နစ်နာကြေး၊ လုပ်သက်ခွင့်လက်ကျန်၊ နို့တစ်ကြေးများအား ပေးချေခြင်းမရှိဘဲ ပြည်ပသို့ထွက်ပြေး သွားပါသဖြင့် Mr.Yang Yong Mo ပိုင် အောက်ပါပစ္စည်းများကိုလေလံတင်ရောင်းချမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်-

**ပစ္စည်းစာရင်း**

| စဉ် | ပစ္စည်းအမျိုးအစား | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | စက်ပစ္စည်းမျိုးစုံ | ၃၄ မျိုး | ၂၃၇ |
| (ခ) | လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများ | ၄မျိုး | ၆၃၉ Set |
| (ဂ) | ချုပ်ပြီးအထည် | ၂ မျိုး | ၃၀၀၀ |
| (ဃ) | Table & Seat | ၃ မျိုး | ၃၈ Set |
| (င) | အခြားအသုံးအဆောင်ပစ္စည်းများ၄၀မျိုး | | ၆၃၁ |

မှတ်ချက်။ အမှတ် (၈၂/၈၄)၊ မောင်ကျန်သီးလမ်း၊ ရွှေလင်ပန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်တွင် ပစ္စည်းများတည်ရှိပါသည်။

လေလံတင်ရောင်းချသည့် ရက်မှာ ၉-၆-၂၀၂၁ရက်ဖြစ်ပြီး လေလံမတင်မီ ၂-၆-၂၀၂၁ ရက်မှ ၇-၆-၂၀၂၁ရက်အထိ ပစ္စည်းများအား ရုံးချိန်အတွင်း ကြည့်ရှုနိုင်ပါသည်။

အသေးစိတ် အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစတင်၍ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန(တိုင်းဒေသကြီးရုံး) လှိုင်သာယာမြို့နယ်၊ ရုံးရှေ့မှတ်တိုင်အနီး၊ ဖုန်း- ၀၁-၃၆၄၅၄၇၂ နှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ လှိုင်သာယာ (မြို့နယ်ရုံး)ဖုန်း- ၀၉- ၇၈၆၈၄၈၈၅၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အလုပ်ရှင်ပိုင် ပစ္စည်းများအား လေလံတင်ရောင်းချရေးကော်မတီ**

COVID ဈေးဖြင့် အမြန်ရောင်းမည်

၅ထပ်တိုက်တည်းခိုခန်း၊ မြောက်ဥက္ကလာမယ်လမုဘုရားမီးပွိုင့်အနီး၊ ဘုန်းကြီးလမ်းမပေါ်၊ အခန်း(၁၈)ခန်း၊ အခန်းတိုင်းအဲကွန်း၊ ရေချိုးခန်း၊ ဘိုထိုင်ပါရှိသည်။ ကိုယ်ပိုင်မီးစက်၊ ထရန်စဖော်မာပါသည်။ ၂၀ပေ x ၅၀ပေ။ ဂရန်အမည်ပေါက်။ အောင်မင်္ဂလာအဝေးပြေးဂိတ်၊ ရန်ကုန်လေဆိပ်အနီး။

သိန်း (၂၉၀၀) ညှိနိုင်း 09 43021001

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျိုက်ထိုမြို့နယ် တရားရုံး
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၄

| | | |
|---|---|---|
| ဒေါ်ဟေမာသုန်(ဘ)ဦးကိုကိုဦး | နှင့် | ဦးထက်ကိုကို (ဘ) ဦးစံဝင်း |
| အစိုးရ မူလတန်း(လွန်)ကျောင်း၊ | | အစိုးရ မူလတန်း(လွန်)ကျောင်း၊ |
| အောက်ကမ်းနီကျေးရွာ၊ | | အောက်ကမ်းနီကျေးရွာ၊ |
| အောက်ကမ်းနီကျေးရွာအုပ်စု၊ | | ကျောင်းအနောက် |
| ကျိုက်ထိုမြို့နယ် | | အောက်ကမ်းနီကျေးရွာအုပ်စု၊ |
| | | ကျိုက်ထိုမြို့နယ် |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ဦးထက်ကိုကို (ဘ)ဦးစံဝင်း၊ အစိုးရမူလတန်း(လွန်) ကျောင်း၊ အောက်ကမ်းနီ ကျေးရွာ၊ ( ကျောင်းအနောက်)၊ အောက်ကမ်းနီကျေးရွာအုပ်စု၊ ကျိုက်ထိုမြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်မှာ

သင့်အပေါ် တရားလို ဒေါ်ဟေမာသုန်က လင်မယား ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်း အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် ဇွန် ၁၇ရက် (၁၃၈၃ခုနှစ် နယုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်ဝေစုဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ကျိုက်ထိုမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မိုးကောင်းလမ်း၊ အမှတ် (၂)ဟုခေါ်တွင်သော မြေဥပစာပေါ်တွင် တည်ဆောက်ထားသည့် စကားဝါကွန်ဒိုအဆောက်အအုံရှိ အခန်းအမှတ် (၆/D) (ခြောက်လွှာ)၊ အကျယ် (၁၅၀၀ စ/ပေ) ရှိ ကွန်ဒိုတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးသန်းထိုက်အောင် ၁၂/ရကန(နိုင်)၀၅၇၁၅၂မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဦးဇော်မင်းသိမ်း
## စာတည်းမှူးချုပ်(ငြိမ်း) (ကြေးမုံသတင်းစာတိုက်)
## အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေး (၁)လမ်း၊ တိုက် (၁၀/၆)နေ (ဦးသိန်းဟန်-ဒေါ်ခင်တည်)တို့၏သားကြီး၊ (ဦးလှကို)-ဒေါ်ညိုညိုသိန်းတို့၏မောင်၊ ဦးဇော်ဝင်းသိန်း-ဒေါ်ကေသီဦး၊ ဦးကိုကို-ဒေါ်ချိုချိုသိန်း၊ ဦးအောင်ဇော်သိန်း-ဒေါ်မာမာအေးတို့၏အစ်ကို၊ ဒေါ်မူမူသန်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုမြင့်နေအောင်-မမေသက်၊ မညိမ်းအေးဇော်၊ ကိုစိုးလင်းထက်-မခက်ငုံဇော်တို့၏ဖခင်၊ မောင်ချမ်းလင်းဆက်၊ မောင်လူဘုန်းသစ်၊ မအိမ့်ခြူးသံသာတို့၏အဘိုးသည် ၁-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၄:၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း ၊ မြေကွက်အမှတ် ၈၀၆၊ ဧရိယာ ၀ ဒသမ၀၈၂ ဧကရှိ ဦးမောင်ပု အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ရီရီမြင့် (ဘ)ဦးတင်လှိုင် ၉/ ပမန(နိုင်)၁၁၄၂၇၇ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် ၊ စည်ပင်သာယာ တရားရုံးကျမ်းကျိန်လွှာ အမှတ်(၅၀၈/ ၂၀၂၁) နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၈၀၈၊ ၈၀၉၊ ၉၅၆၊ ၉၅၇)၊ ဧရိယာ (၀ဒသမ၂၂၀)ဧကရှိ ဦးထွန်းထွန်းဦး (ဘ)ဦးစိန်ထွန်း ၁၂/စခန(နိုင်) ၀၄၇၃၂၁ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဖြူဖြူခိုင်(ဘ) ဦးလှဘူး ၉/ပမန(နိုင်)၁၂၆၈၉၉မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးတင်အောင်ထွန်း(DV-၀၀၄၇၇၆)နှင့်
## ဇနီး ဒေါ်မြင့်မြင့်သန်း (MTA-၁၆၂၈၁၆)
## ဦးထွန်းနိုင် ၉/မထလ(နိုင်)၀၅၅၃၀၅နှင့်
## ဇနီး ဒေါ်ဌေးဌေး ၉/မထလ(နိုင်)၀၅၅၄၂၂တို့နှင့်
## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ကွင်းအမှတ်နှင့်အမည် (၁၉/ခ-ပြည်သာယာ)၊ မြေကွက်အမှတ်- (၄၁)၊ ဧရိယာ ၀ဒသမ၀၈၀၀ဧကရှိပြီး အရှေ့လားသော် (အကွက်အမှတ်-၄၀)၊ အနောက်လားသော် (လမ်း)၊ တောင်လားသော် (အကွက်အမှတ်-၄၂)၊ မြောက်လားသော်(လမ်း)၊ ယင်းအလားလေးရပ်အတွင်းရှိ မြေကွက်၏မူလအမည်ပေါက် ဦးတင်အောင်ထွန်း အမည်မှန်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးဘိုတင် ၉/မထလ(နိုင်)၀၆၀၃၅၅နှင့် ဇနီးဒေါ်မြင့်မြင့်သန်း ၉/မထလ(နိုင်)၀၆၀၃၅၄တို့၏ အမည်သို့ အငှားဂရန် အမည်ပြောင်း လျှောက်ထားမည်ဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက် အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တရားတစ်ထုံးစွဲဆိုသွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘိုတင်(ဇနီး) ဒေါ်မြင့်မြင့်သန်းတို့၏**
**လွှဲအပ်ချက်အရ-**
**ဒေါ်လှလှမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်(၄၀၃၃) (၂၃-၃-၈၇)**
**အမှတ် (၃)၊ မြို့မရပ်၊ ဝမ်းတွင်းမြို့၊ ဖုန်း-၀၉-၂၁၆၅၅၉၇၊ ၀၉-၇၇၀၃၅၃၀၉၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၊ နယ်မြေ (၁)နေ ဦးလုံပေါင်း ၁၃/လရန(နိုင်)၀၇၃၂၅၅ (ဘ)ဦးကျောချောရှန်(ခ)ဦးကျော့ချာရှန်(ခ)ဦးကျောက်ရှာရှန်(ခ)ဦးရှောက်ရှုံး (AX-၀၇၀၆၂၃) ၁၃/လရန(နိုင်)၀၅၆၂၁၂မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးခရိုင်၊ ရပ်ကွက် (၆)၊ နယ်မြေ(၁၁)၊ အကွက်အမှတ် (၅၀၊ ပန်အုပ်ရပ်)၊ ဦးပိုင် (ဃ/၇၀)၊ ဧရိယာ ၀ဒသမ၀၉၇ဧကရှိ မြေအား ဦးစိုင်းစံမြတ် ၁၃/လရန(နိုင်)၀၂၇၈၃၉မှ မြေခွန်ပြေစာများ၊ အခွန်ငွေပေးသွင်းပြီးကြောင်း ချလန်များဖြင့် ပူးတွဲလျက် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၃၀ အတွင်း ဤရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ ၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၃၉၆၆)၊ ဦးမြတ်မိုး ၉/ပမန(နိုင်) ၀၅၂၄၀ (ဘ) ဦးခင်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးဇော်မင်းအောင် ၁၂/ဒဂမ(နိုင်) ၀၀၉၀၂၈ နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိ ပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်တင်တင်
## ဘချိုအင်ဆန်းသက်န်းပရိက္ခရာဆိုင်
## အသက် (၁၀၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ(ဦးမြမောင်-ဒေါ်နှင်းမေ)တို့၏သမီး၊ (ဦးဘချို-ဒေါ်အေးခင်)တို့၏သမီးချွေးမ၊ ဦးကျော်ဆွေ-[ဒေါ်စမ်းစမ်းမြင့်(ခ)ဒေါ်တိုး]၊ ဦးမြင့်သန်း-ဒေါ်မြင့်မြင့်ဝင်း၊ ဦးကျော်စိုး-ဒေါ်ပြုံးပြုံး၊ ဦးထွန်းထွန်း-ဒေါ်ညိုညိုတို့၏ မွေးသမိခင်ကျေးဇူး ရှင်၊ မြေး(၁၂) ယောက်၊ မြစ်(၈)ယောက်တို့၏ အဘွား၊ ခရမ်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်း၊ အိမ်အမှတ်(၄)နေ (ဦးတင်အုန်း)၏ဇနီးဖြစ်သူ ဒေါ်တင်တင်သည် ၁-၆-၂၀၂၁(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝတစ်ပါးသို့ကွယ်လွန်ကူးပြောင်းသွားပါသဖြင့် ၃-၆-၂၀၂၁(ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀ နာရီအချိန်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသောလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို သုသာန်သို့ပို့ဆောင်၍ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၁(တနင်္လာနေ့) နံနက် ၇ နာရီအချိန်တွင် ရက်လည်ဆွမ်းသွတ်တရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

မြင်းခြံမြို့နယ်၊ ရှားတောရွာမနေ ဦးသန်းဇော်မြင့်လှိုင် ၈/ပခက(နိုင်) ၁၆၂၆၄၅သည် ၎င်း၏အမည်ဖြင့် လုပ်ငန်းလုပ်ကိုင် ခွင့်လိုင်စင်ရရှိပိုင်ဆိုင်သော (Crown Express)ယာဉ်လိုင်း၏လုပ်ကိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးလေးအောင်က ဝယ်ယူရန် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်မာသော စာမှတ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သူလွင်**
**အထက်တန်းရှေ့နေ(စဉ်-၄၇၇၁၂)**
**အမှတ်(၁/၅၁၇)၊ ဖြိုးတောင်လမ်း၊ နယ်မြေ(၁)၊ ရပ်ကွက်(၁)၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၀၊ မြေကွက်အမှတ်-၈၇၅၊ ဒေါ်ခင်ဆွေမြင့် ၁၂/ဥကတ(နိုင်)၀၅၉၁၁၅၅ အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား (အလျားပေ ၄၀xအနံပေ ၆၀)ရှိသော မြေကွက်၏တရားဝင်မခွဲမစိတ်ရသေးသော (အလျားပေ ၂၀xအနံပေ ၆၀) (ခေါင်းရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇီးရယား (ခ)ဦးဘေးဒယား(ခ)ဦးသောင်းမြင့်(ယာယီသက်သေခံလက်မှတ်/အမှတ်- ၀၀၀၀၂၅) ထံမှ ဖော်ပြပါပစ္စည်းကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဝင်းမော် (LL.B)**
**စဉ်-၁၃၇၂၈**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၃၅၇၊ (၆)လမ်း၊ အပိုင်း (၂)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၄၄၈၀၂၀၀၄၃**

## အများသိစေရန်ကြေညာခြင်း

Parami Gas Distribution Co.,Ltd.၏ အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ပုဂ္ဂလိကပိုင်ကုမ္ပဏီမှ အများပိုင်ကုမ္ပဏီသို့ ပြောင်းလဲကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Parami Gas Distribution Co.,Ltd.**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/9810 Suzuki Carry DA 63T P/U (4x4) (R) ယာဉ်လက်ဝယ်ရှိသူ U HLA MYINT ၁၂/ကမရ(နိုင်) ၀၁၀၁၆၅ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6830 Sang Da Truck (SD-02)/Pickup (4x2) ယာဉ်လက်ဝယ်ရှိသူ ဆရာတော်အရှင်သောမ ၁၀/မလမ(သ)၀၀၄၂၂၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ၂၃-၅-၂၀၂၁ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ဒေါ်သူသူနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမျိုးမြင့်အောင် (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်ကြောင်း ပြန်ကြားချက်နှင့် ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရပ်ကွက်(၁)၊ ငဝန်ကျွန်းသာ(၇) လမ်း၊ အမှတ် ၂၉၀ ရှိ မြေကွက်နှင့် နေအိမ်အကျိုး ခံစားခွင့် အရပ်ရပ်ကို ဦးစိန်ဝင်းမောင်-(ဒေါ်သန်းသန်းနွဲ့)တို့မှ ယနေ့အထိ ပိုင်ဆိုင်လျက်ရှိပါသည်။ ဦးစိန်ဝင်းမောင်-(ဒေါ်သန်းသန်းနွဲ့) တို့တွင် သားတစ်ဦးထွန်းကားပြီး အခြားမည်သည့် အမွေစားအမွေခံမရှိပါ။ ယခုကြေညာသူ ဒေါ်သူသူနိုင်သည် (ဦးလှဘော်-ဒေါ်မြရီ) တို့၏ မွေးစားသမီးဖြစ်ပြီး ကွယ်လွန်သူ ဒေါ်သန်းသန်းနွဲ့ အပါအဝင် ညီအစ်ကိုမောင်နှမ (၇)ဦးနှင့်အတူ (၂၀၁၃) ခုနှစ်ကတည်းကအမွေအညီအမျှ ခွဲဝေယူထားသူဖြစ်ပါသည်။ ဦးစိန်ဝင်းမောင်နှင့် အမွေကိစ္စသက်ဆိုင်ခြင်းမရှိပါ။ အဆိုပါအကြောင်းအရာများကိုဖုံးကွယ်ပြီး ဦးစိန်ဝင်းမောင်အား စိတ်အနှောင့်အယှက်ပေးခြင်းများ ဆက်လက်လုပ်ကိုင်ခြင်းမပြုပါရန်နှင့် ဦးစိန်ဝင်းမောင်နှင့် ဒေါ်သူသူနိုင်တို့သည် မည်သည့်အမွေကိစ္စမှ ပတ်သက်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝေလွင်ဖြိုး(LL.B)DBL, DIL.D.Phil**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၈၇၅)**
**အကွက်(၅၈၉)၊ ထိန်ကုန်းရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့၊**
**ဖုန်း-၀၉- ၄၀၃၇၃၂၁၉**

## အမည်ပြောင်း

ထားဝယ်မြို့၊ ဆန်းချီတိုးချဲ့မြို့သစ်၊ ဆန်းချီဝန်ထမ်းအိမ်ရာ၊ တိုက်အမှတ် (၁၂)၊ အခန်း(၂)နေ ဦးရဲအောင်မိုးနှင့် ဒေါ်ဇင်ဝင်း မာတို့၏သမီး မဇူးသီရိမိုးအား ယနေ့မှစ၍ မဇင်သီရိမိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဇင်သီရိမိုး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ဃ/၁၃၈၅၇ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုဝါလှိုင် ၆/မမန(နိုင်)၁၃၅၄၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့သောင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၅-၂၀၂၁ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၈)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်နွယ်နီအောင် (စဉ်-၈၀၄၈)နှင့်အထက်တန်းရှေ့နေ ဒေါ်ခိုင်ခိုင်ထွန်း(စဉ်-၄၀၉၆၄)တို့၏ ကန့်ကွက်နိုင်ပါကြောင်း ဒုတိယကြော်ငြာတွင် ဦးဇော်သန်းထွန်း အမည်ပေါက် အစား ဦးဇော်ထွန်းသန်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/2306, BANYAR L/T(1)TON(BNLT.02)P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုဝင်း ၁၂/ဒဂတ(နိုင်)၀၃၃၅၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ မြေကွက်အမှတ် -၈၆၊ မြေကွက်တည်နေရာအမှတ်-၈၆၊ ကျွန်းရွှေမြိုင်လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဌေးလင်း(N/RGN-၀၁၁၇၉၉) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးဌေးလင်းကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်မြမြအေး ၁၂/ဗတထ(နိုင်)၀၁၃၃၈၃မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးမောင်မောင်သာထွန်း

1st Engineer Hackney College Blue Star Ship Management Ltd, UK

အသက် (၆၆)နှစ်

(ဦးသာထွန်း-ဒေါ်ကြူးရင်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးကြည်ဝင်း-ဒေါ်မြမြ)တို့၏ သားသမက်၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ အမှတ် ၁၄၀၊ လက်ဝဲသုန္ဒရလမ်းနေ ဒေါ်မီမီခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မဥ္ဇူသာထွန်း( FTA ရွှေသံလွင်) ၏ဖခင်၊ (ဦးဗညားမွန်)-ဒေါ်သွင်သွင်ဝေ၊ ဒေါ်သဇင်သာထွန်း-(ဒုတိယဗိုလ်မှူးကြီးအောင်ချစ်)၊ ဒေါ်ဆွေဆွေသာထွန်း - ဦးအောင်ဘကြူး၊ ဒေါ်ချယ်ရီသာထွန်း၊ ဒေါက်တာစုစုသာထွန်းတို့၏မောင်/အစ်ကို ဦးမောင်မောင်သာထွန်းသည် ၃၁-၅-၂၀၂၁ရက် ညနေ ၄:၀၅နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၆-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် နောက်ဆုံးသောဝတ်ပြုခြင်းကို ရေဝေးသုသာန်၌ ပြုလုပ်ပြီး မွန်းလွဲ ၂:၃၀ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးတင်လွှာ

(၂၉-၅-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ခင်ခင်အေး(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးရုံးချုပ် (နေပြည်တော်)၏ ကျန်ရစ်ခဲ့သောမိသားစုအတွက် တရားရေအေး တိုက်ကျွေးခဲ့သော သဃ်န်းကျွန်းမြို့နယ်၊ နန္ဒရာမကျောင်းတိုက်မှ သံဃာတော်များအားလည်းကောင်း၊ နှစ်သိမ့်အားပေးစကားပြောကြားခဲ့သော တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် ဝန်ထမ်းများ၊ တရားရေးဝန်ထမ်းအပတ်စဉ်(၂)မှ တရားရေးအရာရှိများ၊ အစ်ကိုကြီးဦးအောင်ကျော်နှင့် ဇနီးမိသားစု၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများကိုလည်းကောင်း၊ မကျန်းမာသည့်အချိန်မှ ကွယ်လွန်သည့်အချိန်ထိ ကုသပေးခဲ့သော ပြည်တွင်းပြည်ပမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ခဲ့ကြသည့် ဦးရဲအောင်မြင့်၊ ဒေါ်ခင်မေတင့်၊ ဦးမောင်မောင်ဌေးနှင့် ဦးစိုးစိုးဇော်၊ အစစအရာရာ ကူညီပေးခဲ့သော ရန်ကုန်တိုင်းအတွင်းရှိ တရားသူကြီးများ၊ သဃ်န်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ဆယ်သိန်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ရပ်ကွက်သူ ရပ်ကွက်သားများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစုနှင့် ဆွေမျိုးများ**

## မောင်သန်းဇော်ထက်

အထက(၁)ရန်ကင်း ကျောင်းသားဟောင်း

အသက်(၁၈)နှစ်

နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ အမှတ်(၂၁၁၄)၊ ပုဂံလမ်းနှင့် ကျွန်းလှလမ်းထောင့်၊ ရာဇသင်္ဂဟအိမ်ရာ(၂)၊ ဥတ္တရသီရိမြို့နယ်နှင့်ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၆/အေ-၂)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း တို့၏သား၊ ဦးကောင်းထက်စိုး-ဒေါ်တင်မျိုးဝင်း(ခ)ခိုင်မာ၊ ဦးနေဖြိုးဇင်-ဒေါ်သီသီအောင်၊ မောင်အောင်အောင်တို့၏ညီ၊ မလင်းလက်သီရိခေတ်၊ မဝင်းလဲ့သီရိမေနှင့် မသက်နှိုင်းအိန္ဒြေတို့၏ ဦးလေးသည် ၂၉-၅-၂၀၂၁ရက် (စနေနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(ခုတင်-၁၀၀၀ ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ မွန်းလွဲ ၂:၃၀ နာရီတွင် ကားများထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/8643, ISUZU BIGHORN S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တိုးညွန့် ၁၂/သကတ(နိုင်)၀၉၁၇၉၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4E/ 2025 , Toyota Hilux S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ကြည် ၁၄/ရကန(နိုင်) ၀၀၃၄၂၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်လေး

အလက-၃၊ မင်္ဂလာဒုံ(ငြိမ်း)

အသက် (၉၀)

ဦးထွန်းအောင်(လက်ထောက်အတွင်းဝန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်ဝါဝါအောင် (ဒု-ညွှန်မှူး၊ နတလ ဦးစီးဌာန) တို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်လေးသည် ၂၅-၅-၂၀၂၁ရက် (အင်္ဂါနေ့) ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

## ကိုဝေမိုးအောင်

Wireless Engineer (Huawei Technology Co.,Ltd)

အသက် (၃၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ တိုက် B-3၊ အခန်း -၈၀၃နေ ဦးမြင့်သောင်း-ဒေါ်သန်းရွှေ၊ (ဦးလောရင်း)-ဒေါ်ရင်ကျိန်းတို့၏မြေး၊ (ဦးမောင်မောင်ဆွေသောင်း-ဒေါ်ဆွေဆွေရီ)တို့၏တစ်ဦးတည်းသောသား၊ ဦးခင်မောင်ဝင်း(အထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)-ဒေါ်ဌေးဌေးဝင်းတို့၏သားသမက်၊ ဒေါ်တင်မာမြင့်သောင်း၊ ဦးသန်းထူး-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်နုနုရီ၊ Mr.Frank Davis-ဒေါ်ထွေးထွေးရီ၊ Mr.Bill Waynor-ဒေါ်ညွန့်ညွန့်ရီ၊ ဦးတင်ထွန်းအောင်-Ms.Linn Tran တို့၏တူ၊ ဦးပြည့်ဖြိုး-ဒေါက်တာပြေသန်းထူးတို့၏မောင်၊ ကိုပေါ်ဦးမောင်-မကျော့ကေခိုင်၊ မခင်ရတနာတိုးခိုင်၊ ကိုဇေယျာဇော်တို့၏ ညီ၊ မောင်၊ အစ်ကို၊ မခင်စန္ဒာဖြိုးခိုင် (Grand Guardian Tokio Marine General Insurance Co.,Ltd.)၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၆-၂၀၂၁ရက် နံနက် ၂:၃၅ နာရီတွင် ဗဟိုရံစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၁ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၁ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

## ဘဒ္ဒန္တတေဇောဘာသ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်

ပဥ္စနိကာယသာသနဓဇဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော်

သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကန်ဘဲ့ဘုတာရုံလမ်း၊ ပဥ္စနိကာယသာသနဓဇဗိမာန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ ရန်ကင်းမိုးကောင်းစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်-နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ဩဝါဒါစရိယ၊ ဓမ္မသာကစ္ဆာအဖွဲ့၏ဩဝါဒါစရိယ၊ ရန်ကုန်ဆန်လှူအသင်းကြီး၏ဩဝါဒါစရိယ) သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တတေဇောဘာသသည် (၁၃၈၃ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ရက်) ၁-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို ၅-၆-၂၀၂၁ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ပဥ္စနိကာယသာသနဓဇဗိမာန်ကျောင်းတိုက်၌ ကျင်းပပြုလုပ်ပြီး ညနေ ၄နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပန မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ**
**နာယက ဆရာတော်များနှင့် တပည့်သံဃာ ဒါယကာ ဒါယိကာမများ**
**ပဥ္စနိကာယသာသနဓဇဗိမာန်ကျောင်းတိုက်**
**ရန်ကင်းမြို့နယ်**

## ဒေါ်စန်းစန်းလှ

(ရေလဲလေးရွာ၊ သုံးဆယ်မြို့)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီလမ်းနေ(ဦးငွေဝင်း)၏ဇနီး၊ ဒေါ်မာမာချိုဦး-ဦးမျိုးမင်းဦး၊ ဦးထွန်းကျော်မိုး- ဒေါ်လှိုင်လှိုင်မော်၊ ဦးကျော်စိုးမိုး-ဒေါ်ယဉ်သီတာသွင်တို့၏ မိခင်၊ ဒေါ်ခင်ဌေးကြည်၏အဒေါ်/မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁-၆-၂၀၂၁ရက် (အင်္ဂါနေ့)နံနက် ၄:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးဝင်းကိုကို

(Tommy၊ နှင်းဝေဝေလက်ဖက်ခြောက်)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ(ဦးကျင်ဝမ်-ဒေါ်စောလှိုင်)(နဂါးဖန်မြေမှန်မြေ)တို့၏သား၊ (ဦးတင်ရွှေ-ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ [ဒေါ်ခင်ဝင်း၊ တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ဒဿနိကဗေဒဌာန] ၏ခင်ပွန်း၊ ဦးအောင်မင်းဦး၊ ဦးနောင်နောင်ဝင်းကို၊ ဦးညီညီဝင်းကိုတို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းမြတ်သူ၊ မောင်သုတတို့၏ အဘိုး၊ဒေါ်နှင်းဦး၊ (ဦးမြတ်ကြွယ်)၊ဦးသိန်းဇော်၊ (ဒေါ်လွင်လွင်မြင့်) တို့၏ ညီမောင်၊ ဒေါ်စိုးစိုးဝင်း၊ (ဒေါ်ခင်အေးမော်)၊ဒေါ်သင်းသင်းဆွေ၊ ဒေါ်ခင်စိုးမိုးတို့၏အစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ ဘကြီးသည် ၃၁-၅-၂၀၂၁ရက် (တနင်္လာနေ့)ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၁ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်အေး

ဒုတိယညွှန်ကြားရေးမှူး(ငွေစာရင်း)(ငြိမ်း)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ နေပြည်တော်

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအဆင့်(၂) အိမ်ရာ၊ တိုက် (၈)၊ အခန်း ၄၀၄နေ ဦးခင်မောင်ဌေး၊ ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီး(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ခင်အေးသည် ၂၉-၅-၂၀၂၁ ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ**
**ရှမ်းပြည်နယ်တရားရေးဦးစီးမှူး၊ရှမ်းပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့်ရုံးဝန်ထမ်းများ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးသန့်ဆွေ(စာရေးဆရာ မင်းမြတ်ဆောင်)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာ(၁၃)လမ်း၊ အမှတ်(၃၇၂)နေ (စာရေးဆရာကြီး ဦးမင်းဆွေ(ခါး)-ဒေါ်သောင်းတင်)တို့၏သား၊ (ဦးကုလားကြီး-ဒေါ်ဝင်းကြည်)တို့၏သားသမက်၊ ဦးသန်းနိုင်(ခ)စာရေးဆရာအောင်မော်၏ ညီ၊ မခင်ဆွေသက်၊ ကိုရဲမင်းဟန်-မအေးမြတ်သူတို့၏ဖခင်၊ ဒေါ်မြင့်မြင့်သန်း(သ/မ အသင်း)၏ ချစ်လှစွာသောခင်ပွန်း၊ မြေးတစ်ယောက်၏အဘိုးသည် ၃၁-၅-၂၀၂၁ရက် (တနင်္လာနေ့) ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ကျင်ဝေ

မန်နေဂျာ၊ ဘဏ္ဍာရေးဌာန

ဟိုတယ်/ခရီး(ငြိမ်း)

အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် (၅)လမ်း၊ အမှတ် (၃၅)နေ (ဦးဘွန်ကျန်-ဒေါ်စိန်ညို)တို့၏သမီး၊ (ဦးမြဘူး)၏ချစ်လှစွာသောဇနီး၊ Capt. မြတ်သူအောင်-ဒေါ်မြင့်မြင့်ဦး၊ Capt. မိုးသူအောင်-ဒေါ်ခင်မာလာညွန့်တို့၏ချစ်လှစွာသောမိခင်၊ မောင်မင်းခန့်သူ၊ မောင်ချစ်ခန့်သူ၊ မောင်သန့်ရဲရင့်ဟိန်း၊ မအိရှင်းသန့်တို့၏ အဘွားသည် ၁-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ် မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးစိန်ဝင်း(ခ)ဦးကဲနက်

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း ၃လမ်း၊ အမှတ် ၁၆၅နေ (ဦးဂျီအေဘရောက်(ခ)-ဒေါ်အဲလိဇဘက်)တို့၏သား၊ (ဦးထွန်းရှိန်)-ဒေါ်လော်နာ၊ ဦးခရစ္စတီး-နော်ဒေးလီ၊ (ဦးဂျယ်ရီ)၊(ဦးဘလှိုင်)-ဒေါ်ကယ်ရယ်လိုင်၊ ဦးဝေဌေး-ဒေါ်စန်းစန်းမြင့်၊(ဦးသိန်းဝင်း)-ဒေါ်ဘက်နဒင်း၊ ဦးကျော်လင်း-ဒေါ်ဖလောရင့်၊ ဦးယုံစိန်-ဒေါ်တဲမာ၊ ဒေါ်ပေရယ်တို့၏မောင်၊ ဦးအဲနက်(စ်)-ဒေါ်သစ်သစ်မွန်တို့၏ အစ်ကို၊ ကိုသက်ငွေအေး-မအက်စတာ၊ ကိုကယ်နီ(ခ)ဘူးဘူ၊ မမေဘဲ(လ်)၊မောင်စတီဗင်တို့၏ဖခင်၊ Dianne (ခ) မြတ်စု၏ အဘိုး၊ တူ၊တူမ ၃၃ယောက်တို့၏ ဦးလေး၊ ဒေါ်သီတာ၏ချစ်လှစွာသော ခင်ပွန်းသည် ၂၄-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၉:၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၅-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်၌ ဝတ်ပြုဆုတောင်း၍ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်းကို ၃၁-၅-၂၀၂၁ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်၌ ပြုလုပ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးစီးပွားရေးဇုန်များ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၁) သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၁) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့်ကျောင်းများ ယနေ့ဖွင့်လှစ် ကျောင်းအပ်နှံမှုများကို ကျောင်းဖွင့်ချိန်ကာလအတွင်း ဆက်လက်လက်ခံသွားမည်



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၁**

ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြောင့် မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ပညာသင်ကြားမှုများ ရပ်နားခဲ့ရာမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့် ကျောင်းများကို နိုင်ငံတော်က ယနေ့ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ စတင်ပညာသင်ကြားလျက်ရှိသည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းတွင် ပုံမှန်ကျောင်းသား ကျောင်းသူဦးရေ ၆၀၀၀ ကျော် လက်ခံသင်ကြားနိုင်သည့်အနက် လက်ရှိတွင် ကျောင်းအပ်သူဦးရေ ၂၀၀၀ ကျော်၊ ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းကျော် အပ်နှံထားကြောင်း သိရသည်။ ကျောင်းအပ်နှံမှုကို ကျောင်းဖွင့်ချိန်ကာလအတွင်း ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၇ ကော်လံ ၁* ❖

**ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း ...**

ဆောင်းပါး စာ » ၁၁

**ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့မှ ဝင်ရောက်လာမည့်ခရီးသွားများကို ဂျပန်နိုင်ငံက ပြည်ဝင်ခွင့်တင်းကျပ်မှုများ ပြုလုပ်သွားမည်**



နိုင်ငံတကာသတင်း စာ » ၁၃

**ဘယ်သူဖျက်ဖျက် တို့မပျက် ပြီးပန်းဝေစည် ကျောင်းတက်ကြပြီ**

ဆောင်းပါး စာ » ၁၆